INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

# ပဋိပက္ခအလွန် နောက်ခံအခြေအနေရှိ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများ

တွေ့ဆုံဆွေးနွေးပွဲ အစီရင်ခံစာ

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၄–၅

© ၂၀၂၃ ခုနှစ် ၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့
© ၂၀၁၅ ခုနှစ်၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည်။

International IDEA (ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေးနိုင်ငံတကာအဖွဲ့) မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံအလိုက် အကျိုးစီးပွားများ သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားများ မစွက်ဘဲ သီးခြားလွတ်လပ်မှုရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများသည် International IDEA ၏ ရှုမြင်ပုံများ သို့မဟုတ် ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ ရှုမြင်ပုံများ ဖြစ်သည်ဟု ယတိပြတ် မဆိုနိုင်ပါ။

တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ ပိုင်ဆိုင်သော ရုပ်ပုံများနှင့် ဓာတ်ပုံများမှတပါး ဤစာအုပ် အီလက်ထရောနစ် ထုတ်ဝေမှုကို Creative Commons Attribution-NonCommercial-ShareAlike 3.0 (CC BY-NC-SA 3.0) လိုင်စင်ဖြင့် ရရှိနိုင်ပါသည်။ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ပေးပို့ခြင်း၊ ရှေ့နောက်ပြန်လည် စီစဉ်ခြင်း၊ လိုက်လျောညီထွေ ပြုပြင်ခြင်းများကို စီးပွားဖြစ်ရောင်းချရန် မဟုတ်ပါက သင့်တော်သော အရင်းအမြစ်ဖော်ပြချက်များ ထည့်သွင်းလျက် တူညီသောလိုင်စင် (ခွင့်ပြုချက်) ထပ်ဆင့်ပေးအပ်လျက် လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါသည်။ နောက်ထပ် သိရှိလိုပါက Creative Commons ဝက်ဘ်ဆိုက် <http://creativecommons.org/licenses/by-nc-sa/3.0/> တွင် လေ့လာနိုင်ပါသည်။

**International IDEA**
စတွန်းစ်ဘော့ဂ်
SE - ၁၀၃၊ ၃၄ စတော့ဟုမ်း
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - <http://www.idea.int>

စာအုပ်ဒီဇိုင်းနှင့် စာမျက်နှာခင်းကျင်းစီစဉ်ပုံ - International IDEA

ISBN: 978-91-7671-671-7 (PDF)
DOI: <https://doi.org/10.31752/idea.2023.57>

INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

တွေ့ဆုံဆွေးနွေးပွဲ အစီရင်ခံစာ [၁]

# ပဋိပက္ခအလွန် နောက်ခံအခြေအနေရှိ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများ

*၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၄ – ၅*

*တက္ကသိုလ်ဟောင်း၊ အီဒင်ဘာ့ဂ်*

International IDEA ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အီဒင်ဘာ့ဂ်စင်တာ နှင့် အီဒင်ဘာ့ဂ် တက္ကသိုလ်၏ ကမ္ဘာလုံးဆိုင်ရာ တရားမျှတမှု အကယ်ဒမီတို့ ပူးပေါင်းကာ စီစဥ်တင်ဆက် သည်။

၁ Celia Davies ရေးသားပြုစုပြီး Kimana Zulueta-Fuelscher ၊ Asanga Welikala ၊ Sumit Bisarya နှင့် Christine Bell တို့ ပြင်ဆင်တည်းဖြတ်သည့် အစီရင်ခံစာဖြစ်သည်။

# မာတိကာ


**နိဒါန်း** ............ ၅
**အဓိကအကြောင်းအရာအလိုက် တင်ဆက်ဆွေးနွေးမှုများ** ............ ၁၀
ရည်ရွယ်ချက် ............ ၁၀
နောက်ခံအခြေအနေများ/လားရာများ ............ ၁၁
အနက်ဖွင့်ဆိုချက် ............ ၁၂
နယ်ပယ်အတိုင်းအတာ ............ ၁၃
**နိဂုံးကောက်ချက်များ** ............ ၁၇
**နောက်ခံအခြေအနေဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များ** ............ ၁၉
ပဋိပက္ခ ............ ၁၉
နိုင်ငံရေး အခင်းအကျင်း ............ ၁၉
နိုင်ငံတကာ အသိုက်အဝန်း၏ အခန်းကဏ္ဍ ............ ၂၀
**ထည့်သွင်းစဉ်းစားရမည့် အဓိက ပြဿနာများ** ............ ၂၁
**နောက်ဆက်တွဲ ၁ - ဖြစ်ရပ်လေ့လာချက်များ** ............ ၂၄
ဘော့စနီးယားနှင့် ဟာဇီဂိုဗီနာနိုင်ငံ ............ ၂၄
အရှေ့တီမောနိုင်ငံ ............ ၂၇
ကမ္ဘောဒီးယားနိုင်ငံ ............ ၂၈
အီဂျစ်နိုင်ငံ ............ ၂၉
ကိုဆိုဗိုနိုင်ငံ ............ ၃၁
လက်တင်အမေရိက ............ ၃၃
ပိုလန်နိုင်ငံ ............ ၃၄
အီရတ်နိုင်ငံ ............ ၃၆
အာဖဂန်နစ္စတန်နိုင်ငံ ............ ၃၈
နီပေါနိုင်ငံ ............ ၄၀
ဆိုမားလီးယားနိုင်ငံ ............ ၄၁
လစ်ဗျားနိုင်ငံ ............ ၄၃
တောင်ဆူဒန်နိုင်ငံ ............ ၄၄
တောင်အာဖရိကနိုင်ငံ ............ ၄၅
**နောက်ဆက်တွဲ ၂ - ပါဝင်တက်ရောက်သူများ စာရင်း** ............ ၄၈

# နိဒါန်း

ပဋိပက္ခအလွန် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်ခြင်းဆိုင်ရာ ဆွေးနွေးဝိုင်းများဟု အမည်ပေးထားသည့် နှစ်စဉ်ကျင်းပသွားမည့် အလုပ်ရုံဆွေးနွေးပွဲစဉ်၏ ပထမဦးဆုံးသော ဤအလုပ်ရုံဆွေးနွေးပွဲကို 'ပဋိပက္ခအလွန် အခြေအနေရှိ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများ' နှင့် စပ်လျဉ်းသော အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့် အတွေ့အကြုံဖြတ်သန်းမှုများကို စူးစမ်းလေ့လာရန် ရည်ရွယ်ချက်ဖြင့် စီစဉ်ကျင်းပခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများကို သက်ဆိုင်ရာသိမှတ်ဖွယ် အချက်အလက် အစုံအလင်ဖြင့် နှိုင်းယှဉ်လေ့လာခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းအကြောင်းအရာများနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲဆောင်ရွက်ရာတွင် ပညာရပ်နယ်ပယ်စုံရှုထောင့်မှ ချဉ်းကပ်ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးဖော်ထုတ်ရန်ရည်ရွယ်၍ ဤဆွေးနွေးပွဲစဉ်ကို စီစဉ်ကျင်းပခြင်းဖြစ်သည်။

အသစ်စတင်ဖွင့်လှစ်၍ ဆောင်ရွက်သော ဤအလုပ်ရုံဆွေးနွေးပွဲစဉ်ကို International IDEA ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲတည်ဆောက်ခြင်းလုပ်ငန်းစဉ်များ စီမံကိန်းနှင့် Edinburgh Law School ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ Edinburgh စင်တာ (ECCL) တို့က ပူးပေါင်း၍ စီစဉ်ကျင်းပခြင်း ဖြစ်ပါသည်။ University of Edinburgh ၏ ကမ္ဘာလုံးဆိုင်ရာ တရားမျှတမှု အကယ်ဒမီ (GJF) သည်လည်း ဤမိတ်ဖက်ဆောင်ရွက်မှုတွင် တွဲဖက်ပါဝင်မည် ဖြစ်ပါသည်။ IDEA၊ ECCL နှင့် GJA တို့အကြား မိတ်ဖက်ဆောင်ရွက်မှုသည် သီအိုရီပိုင်းနှင့် လက်တွေ့လုပ်ငန်းကို ပေါင်းစည်းလေ့လာနိုင်သည့် အခင်းအကျင်းကို ဖော်ဆောင်ပေးသည့်အပြင် ကမ္ဘာ့မြောက်ခြမ်းနှင့် တောင်ခြမ်းမှ သုတေသီပညာရှင်များနှင့် လက်တွေ့ဆောင်ရွက်သူများ တွေ့ဆုံစည်းဝေးနိုးနှောခြင်း ပြုနိုင်စေရန်လည်း လမ်းခင်းပေးပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်ခြင်းဆိုင်ရာ သုတေသီပညာရှင်များနှင့် လက်တွေ့ဆောင်ရွက်သူများအကြား စနစ်တကျပုံမှန်တွေ့ဆုံဆွေးနွေးခြင်းမှ နှစ်ဦးနှစ်ဘက်ရရှိမည့် အကျိုးအမြတ်များအပေါ် အခြေခံလျက် ဤကနဦးစီမံချက်သည် ပဋိပက္ခအလွန် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်ခြင်းတွင် စနစ်တကျ၊ အစီအစဉ်ကျနစွာ ချဉ်းကပ်ဆောင်ရွက်ရန်လိုအပ်ချက်ကို သဘောတရားအရနှင့် လက်တွေ့ကျမှုရှိစွာ တုံ့ပြန်ဆွေးနွေးထားသည်။ အပြင်းအထန်ငြင်းခုံရသော်လည်း အကျိုးဖြစ်ထွန်းစေသည့် ဆွေးနွေးမှုများ၊ အသိပညာမျှဝေခြင်းနှင့် ကွန်ရက်ဖြန့်ကျက်နိုင်ရန် အခွင့်အလမ်းများကို ဖော်ဆောင်ပေးအပ်ရန်ရည်ရွယ်၍ ဤအလုပ်ရုံဆွေးနွေးပွဲများကို ဒီဇိုင်းချမှတ်စီစဉ်ထားခြင်း ဖြစ်ပါသည်။

ဤပထမဦးဆုံးအလုပ်ရုံဆွေးနွေးပွဲ၏ အဓိကအကြောင်းအရာမှာ 'ပဋိပက္ခအလွန် နောက်ခံအခြေအနေရှိ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများ' ဖြစ်ကာ ဤအရေးကိစ္စသည် ဖွဲ့စည်းပုံ

အခြေခံဥပဒေ ရေးဆွဲတည်ဆောက်ခြင်းလုပ်ငန်းနယ်ပယ်တွင် နှစ်ရှည်လများ ကြုံတွေ့ခဲ့ရပြီး ပညာရှင်များ၏ စိတ်ဝင်စားမှုကို ရရှိသောအကြောင်းအရာတစ်ရပ် ဖြစ်ပါသည်။ ပဋိပက္ခအလွန် နောက်ခံအခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတည်ဆောက်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းသည် အလွန်အမင်းရှုပ်ထွေးခက်ခဲပါသည်။ အကြမ်းဖက်ထိပ်တိုက်တွေ့ဆုံမှုများတွင် ပါဝင်လျက်ရှိသူများသည် အနည်းဆုံးအနေဖြင့် သဘောတရားအရ ပဋိပက္ခအလွန် နိုင်ငံတော်ကို (ပြန်လည်) မူဘောင်ကွပ်သတ်မှတ်၍ (ပြန်လည်)တည်ဆောက်ရန် တာဝန်ရှိပါသည်။ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးရည်မှန်းချက်များ အထမြောက်စေရန် နည်းလမ်းတစ်ရပ်အဖြစ် အသုံးချခြင်းမပြုရန်အလို့ငှာ တိုက်တွန်းနားချရန် ကြိုးပမ်းသည့် 'နိုင်ငံရေးညှိနှိုင်းသဘောတူညီမှု' အသွင်သဏ္ဍာန်တစ်ရပ်ကို ကိုယ်စားပြုသည်။ 'ကြားကာလ' ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်/သို့မဟုတ် အသွင်ကူးပြောင်းကာလ အခြေခံမူဘောင် အသွင်သဏ္ဍာန်တစ်ရပ်ရပ်ကို ချမှတ်ကျင့်သုံးခြင်းသည် မတည်ငြိမ်ရှုပ်ထွေးမှုနှင့် တည်ငြိမ်အေးချမ်းမှုအကြား လွန်ဆွဲတင်းမာမှုကို ကိုင်တွယ်ဖြေရှင်းကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် အကျိုးရှိစေနိုင်မည့် နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်ခြင်း လုပ်ငန်းစဉ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်ခြင်းကို ပိုမို၍ထည့်သွင်းအသုံးပြုလာသည်နှင့်အညီ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းယန္တရားများအဖြစ် အသုံးပြုသည့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏ အခန်းကဏ္ဍကို ခွဲခြမ်းစိတ်ဖြာလေ့လာရန် လက်ရှိအချိန်သည် အချိန်ကောင်းဖြစ်သည်ဟူသော အချက်မှာ လွယ်လင့်တကူပင် မြင်သာထင်ရှားပါသည်။ တစ်ဘက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ခြင်းနှင့်စပ်လျဉ်း၍ လေ့လာရေးသားထားမှုများအကြား အချိတ်အဆက်ရှိမှုများကို ဖော်ထုတ်သတ်မှတ်ရန် သိသာထင်ရှားစွာပင်လိုအပ်နေပြီး အခြားတစ်ဘက်တွင် ပဋိပက္ခဖြေရှင်းခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအကြား ချိတ်ဆက်မှုကို ဖော်ထုတ်သတ်မှတ်ရန် လိုအပ်နေပါသည်။ ထို့အပြင် ဤလုပ်ငန်းစဉ်များတွင် ပါဝင်လုပ်ဆောင်ခဲ့ကြသည့် ပြည်တွင်းနှင့် နိုင်ငံတကာမှ အမျိုးမျိုးအထွေထွေသော ပါဝင်ဆောင်ရွက်သူများ လေ့လာရရှိခဲ့သည့် သင်ခန်းစာများနှင့် ဖြစ်ရပ်လေ့လာချက်များကို ပိုမိုနက်နဲစွာနှိုင်းယှဉ်လေ့လာ၍ သုတေသနပြုရန်လည်း လိုအပ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်ခြင်း လုပ်ငန်းစဉ်များ၊ အထူးသဖြင့် ပြည်သူလူထု ပါဝင်ဆောင်ရွက်မှု၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အစိုးရအသွင်သဏ္ဍာန်များ၊ တရားရုံးတော် ဖွဲ့စည်းပုံ သို့မဟုတ် ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းကဲ့သို့ အရေးပါသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းရေးဆွဲမှုဆိုင်ရာ အရေးကိစ္စများနှင့်စပ်လျဉ်း၍ဖြစ်စေ တစ်နိုင်ငံချင်းအလိုက် လေ့လာထားမှုများအပြင် နိုင်ငံများနှိုင်းယှဉ်လေ့လာချက် အနည်းအကျဉ်းကိုလည်း ရေးသားပြုစုထုတ်ဝေထားကြသည်များ ရှိပါသည်။ သို့ရာ၌ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများကို အလားတူနှိုင်းယှဉ်လေ့လာခြင်း သို့မဟုတ် လေ့လာရရှိခဲ့သည့် သင်ခန်းစာများအား စုစည်းမှတ်တမ်းတင်ခြင်းကိုမူ ဆောင်ရွက်ထားခြင်းမရှိပေ။ ပညာရပ်စာပေများ ရေးသားပြုစုထုတ်ဝေမှုများတွင် ဤသို့သော လစ်ဟာချက်များရှိနေခြင်း၏ အကျိုးဆက်မှာ မူဝါဒဆိုင်ရာလက်တွေ့ကျင့်သုံးမှုတွင်လည်း လစ်ဟာမှု ရှိခြင်းပင် ဖြစ်ပေသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ဆီလျော်သည့် နိုင်ငံအလိုက် ဖြစ်ရပ်လေ့လာမှုများအပေါ် အခြေခံသည့် အရည်အသွေးစံပြု နှိုင်းယှဉ်လေ့လာမှု အခြေခံမူဘောင်နည်းနာကို အသုံးပြုခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်ခြင်းလုပ်ငန်းစဉ်များအပေါ် ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့် လေ့လာရရှိနိုင်သည့် သင်ခန်းစာများကို ဆန်းစစ်အကဲဖြတ်ထားကာ၊ နောက်ခံအခြေအနေကို ထည့်သွင်းစဉ်းစား၍ သုံးသပ်နိုင်စေရန်အတွက် ဖြစ်ရပ်လေ့လာချက်များက အထောက်အကူပေးနိုင်မည် ဖြစ်ပါသည်။ စာတမ်းများ တင်ဆက်ဖြန့်ဝေခြင်း သို့မဟုတ် ရှင်းလင်းဆွေးနွေးခြင်းများအစား အလုပ်ရုံဆွေးနွေးပွဲ ဦးစီးကြီးကြပ်ရေးမှူးများနှင့် အဓိကပါဝင်ဆွေးနွေးသူများ (panellists) က သက်ဆိုင်ရာ ဖြစ်ရပ်လေ့လာချက်များနှင့် သက်ဆိုင်သည့် ကြုံတွေ့ရနိုင်ခြေရှိသော အရေးပြဿနာများအပေါ် တုံ့ပြန်ဆွေးနွေးကာ ထို့နောက်တွင် မတူညီသည့် ဖြစ်ရပ်လေ့လာချက်များအသီးသီးအကြားရှိ တူညီသောအချက်များနှင့် ကွဲပြားသောအချက်များကို မီးမောင်းထိုး ဖော်ထုတ်နိုင်ရန်အတွက် အခြားသောတက်ရောက်ပါဝင်သူများနှင့်အတူ တစ်စိတ်တစ်ပိုင်းအလွတ်သဘောဆွေးနွေးသည့်ပုံစံဖြင့် ဆောင်ရွက်ခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲကို စီစဉ်ကျင်းပရာတွင် ကမ္ဘာပေါ်ရှိ ဒေသကြီးများအားလုံးကို ကိုယ်စားပြု၍ တက်ရောက်လာသည့် ဒေသခံပညာရှင်များ သို့မဟုတ် မူဝါဒရေးဆွဲချမှတ်သူများနှင့် နိုင်ငံတကာမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေနှင့် သီအိုရီ၊ ပဋိပက္ခ ဖြေရှင်းခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်ခြင်းလုပ်ငန်းစဉ်များဆိုင်ရာ ပညာရှင်များပါဝင်သည့် ကျွမ်းကျင်ပညာရှင်များ၏ တံခါးပိတ်အလုပ်ရုံဆွေးနွေးပွဲပုံစံဖြင့် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ တက်ရောက်ပါဝင်ခဲ့သည့် ပညာရှင်များစာရင်းအပြည့်အစုံကို ဤအစီရင်ခံစာ၏ နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အကြောင်းအရာခေါင်းစဉ်အလိုက် အပိုင်းခြောက်ပိုင်း ပါဝင်ပြီး ပါဝင်တက်ရောက်သူများက ပဋိပက္ခအလွန် အခင်းအကျင်းတွင် လုပ်ငန်းဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အဓိကအခက်အခဲများနှင့် အသုံးပြုနိုင်ရန် အလားအလာရှိသည့် ဖြေရှင်းနည်းများကို ရှင်းလင်းစွာ ဖော်ထုတ်သိရှိနိုင်ရန်အတွက် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် စပ်လျဉ်း၍ အသစ်ပေါ်ထွက်လာသည့် အလေ့အထနှင့် သီအိုရီအကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။ နိဒါန်းအကြောင်းအရာ အစပျိုးခြင်းဖြင့် ဆွေးနွေးပွဲကိုစတင်ခဲ့ရာ တောင်အာဖရိက ဖြတ်သန်းမှုအအတွေ့အကြုံအကြောင်းလည်း ပါဝင်ဆွေးနွေးခဲ့ကြသည်။ ပထမဆုံးဆွေးနွေးမှုတွင် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ချမှတ်ကျင့်သုံးမှုမရှိခြင်းအကြောင်းကို ဦးတည်ဆွေးနွေးခဲ့ပြီး ဒုတိယနှင့် တတိယဆွေးနွေးမှုများတွင်မူ အပြီးသတ်အတည်ပြုကျင့်သုံးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေက လမ်းခင်းပေးခဲ့သည့်ဖြစ်ရပ်များအကြောင်းကို ဆွေးနွေးခဲ့ကြပြီး စတုတ္ထဆွေးနွေးမှုတွင် လက်ရှိအချိန်အထိ လိုက်နာကျင့်သုံးဆဲဖြစ်သော ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ဆွေးနွေးခဲ့ကြသည်။ နောက်ဆုံးဆွေးနွေးမှုတွင်မူ အပြီးသတ်ကောက်ချက် အတွေးအမြင်များကို ဆွေးနွေးကာ နောက်ဆုံး၌ ရေးသားပြုစုမည့် မူဝါဒလက်စွဲလမ်းညွှန်တွင် ထည့်သွင်းဖော်ပြသင့်သည့် အဓိကအရေးပါသော ကိစ္စရပ်များအတွက် ဘုံသဘောတူညီလက်ခံမှုချမှတ်နိုင်ရန် ဆွေးနွေးကြိုးပမ်းခဲ့ကြသည်။ ပဋိပက္ခအလွန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များ၏ သိမ်မွေ့နက်နဲမှုများကိုဖော်ပြကာ ဘုံအဖြစ် ကြုံတွေ့ရသည့်၊ မတူကွဲပြားစွာကြုံတွေ့ရသည့် အခက်အခဲများ၊ အောင်မြင်

မှုများ၊ နှင့် လေ့လာရရှိခဲ့သည့် သင်ခန်းစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ရွေးချယ်ထားသည့် နိုင်ငံဖြစ်ရပ်လေ့လာချက် တစ်ဆယ့်သုံးခုကို ဆွေးနွေးတင်ဆက်ခဲ့သည်။ ဘုံအဖြစ်ကြုံတွေ့ရသည့် နောက်ခံအခြေအနေများနှင့် ကိစ္စရပ်များကိုစူးစမ်းလေ့လာ ဆွေးနွေးရန်အတွက် ဆွေးနွေးမှုအပိုင်းများအလိုက် နိုင်ငံများကို အောက်ပါအတိုင်း တူရာအုပ်စုများခွဲကာ ဆွေးနွေးခဲ့ကြသည်။

(၁) *ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများ* ။ ဤအုပ်စုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံများပါဝင်သည့် ငြိမ်းချမ်းရေးသဘောတူညီချက်များကို နိုင်ငံတကာဦးဆောင်မှုဖြင့် ပေါ်ထွက်စေခဲ့သည့်လုပ်ငန်းစဉ်များ၊ သို့မဟုတ် ငြိမ်းချမ်းရေးသဘောတူညီချက်လက်မှတ် ရေးထိုးပြီးလျှင်ပြီးချင် (ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ မဟုတ်သည့်) ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန် ကတိကဝတ်များကို နိုင်ငံတကာဦးဆောင်မှုဖြင့် ပေါ်ထွက်စေခဲ့သည့် လုပ်ငန်းစဉ်များပါဝင်သည်။ ဘော့စနီးယားနှင့် ဟာဇီဂိုဗီနာနိုင်ငံ၊ အရှေ့တီမောနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ

(၂) *ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများ၏ အခွင့်အလမ်းများနှင့် အခက်အခဲများ။ လေ့လာရရှိခဲ့သည့်သင်ခန်းစာများ (၁)*။ ဤခေါင်းစဉ်အုပ်စုအောက်တွင် အကျုံးဝင်ဆွေးနွေးသောနိုင်ငံများ၌ အပြီးသတ်အတည်ပြု ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် လမ်းခင်းပေးခဲ့သည့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများ ရှိခဲ့သည်။ အားလုံးအကျုံးဝင် ပါဝင်မှုမရှိခြင်းသည် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လုပ်ငန်းစဉ်နှင့် နယ်ပယ်အတိုင်းအတာနှစ်မျိုးလုံးအပေါ် မည်သို့အကျိုးသက်ရောက်နိုင်ပုံ၊ ထို့အပြင် ကြားကာလ အစီအမံများဖြင့် ချမှတ်တည်ထောင်ခဲ့သည့် အင်စတီကျူးရှင်းများ၏ လက်ဆင့်ကမ်းထုံးတမ်း/ကြာရှည်တည်မြဲမှုအကြောင်းကိုပါ ပါဝင်တက်ရောက်သူများက စူးစမ်းဆွေးနွေးခဲ့ကြသည် - အီဂျစ်နိုင်ငံ၊ ကိုဆိုဗိုနိုင်ငံ၊ လက်တင်အမေရိက

(၃) *ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများ၏ အခွင့်အလမ်းများနှင့် အခက်အခဲများ။ လေ့လာရရှိခဲ့သည့် သင်ခန်းစာများ (၂)*။ အပြီးသတ်အတည်ပြု ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် လမ်းခင်းပေးသည့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများ ကျင့်သုံးခဲ့သော နိုင်ငံများကို ဤခေါင်းစဉ်အုပ်စုအောက်တွင် ထည့်သွင်းထားပြီး ရည်ရွယ်ချက်မှာ လက်ရှိ သို့မဟုတ် အနာဂတ် လုပ်ငန်းစဉ်များတွင် ကြုံတွေ့ရနိုင်သည့် အရေးပါသော မမြင်သာသည့် အန္တရာယ်များနှင့် အခွင့်အလမ်းများကို ဖော်ပြဆွေးနွေးနိုင်ရန် ဖြစ်ပါသည် - ပိုလန်နိုင်ငံ၊ အီရတ်နိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ

(၄) *လက်ရှိ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ရှေ့ဆက်ရမည့်လားရာ* ။ ဤနိုင်ငံများသည် ရှိရင်းစွဲ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများမှသည် အပြီးသတ်အတည်ပြု ကျင့်သုံးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ခြင်းအဆင့်သို့ ဆက်လက်လျှောက်လှမ်းရန် မအောင်မြင်သေးသည့် နိုင်ငံများဖြစ်သည်။ ဆွေးနွေးမှုများတွင် လုပ်ငန်းစဉ်၏

အားလုံးအကျုံးဝင်ပါဝင်မှု၊ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ငြိမ်းချမ်းရေး သဘော တူညီချက်တစ်ရပ်ရပ်နှင့် မည်မျှအတိုင်းအတာအထိ ဆက်နွှယ်နေမှုနှင့် 'လေ့လာရရှိခဲ့သည့် သင်ခန်းစာများ' သည် လက်ရှိဆောင်ရွက်နေဆဲလုပ်ငန်းစဉ်များတွင် လက်တွေ့အသုံးချ နိုင်ခြင်း ရှိ၊ မရှိကို စိတ်ဖြာလေ့လာ ဆွေးနွေးခဲ့ကြသည် - နီပေါနိုင်ငံ၊ ဆိုမားလီးယားနိုင်ငံ၊ လစ်ဗျားနိုင်ငံ၊ တောင်ဆူဒန်နိုင်ငံ

အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးမှုများသည် လက်တွေ့လုပ်ငန်းဆိုင်ရာနှင့် စံနှုန်းပိုင်းဆိုင်ရာ မေးခွန်းများကို ပေါ်ပေါက်လာစေပြီး ဤအစီရင်ခံစာသည် ၎င်းမေးခွန်းများကိုဆက်လက်၍ စူးစမ်း လေ့လာအဖြေရှာခြင်းအတွက် စမှတ်တစ်ရပ် ဖြစ်ပါသည်။

# အဓိကအကြောင်းအရာအလိုက် တင်ဆက်ဆွေးနွေးမှုများ

(Hassen Ebrahim၊ Leena Grover၊ Tom Ginsburg နှင့် Cheryl Saunders ဆွေးနွေးတင်ဆက်သည်)

ဆွေးနွေးပွဲ၏ပထမအပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲ၌ မည်သည့်သဘောတရားများအကြောင်း နီးနီးနှောနှောဆွေးနွေးမည်ကို ဖော်ပြသတ်မှတ်သည့်အနေဖြင့် ပဋိပက္ခအလွန် အခြေအနေရှိ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ဆက်နွယ်သည့်သမိုင်းကြောင်း၊ ပြဋ္ဌာန်းအကြောင်းအရာ၊ လုပ်ငန်းစဉ် နှင့် ပါဝင်ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်းသည့် အရေးပြဿနာများနှင့် မေးခွန်းများကို ဆွေးနွေးခဲ့ကြသည်။ အဓိကအကြောင်းအရာအလိုက် တင်ဆက်ဆွေးနွေးမှုလေးခု ဆောင်ရွက်ရာတွင်နှင့် နောက်ဆက်တွဲ အဖွဲ့လိုက်ဆွေးနွေးမှုများဆောင်ရွက်ရာတွင် ရည်ရွယ်ချက်၊ နောက်ခံအခြေအနေများ/လားရာလမ်းများ၊ အနက်ဖွင့်ဆိုချက်နှင့် နယ်ပယ်အတိုင်းအတာဟူသည့် အကြောင်းအရာလေးရပ်ကို ဗဟိုပြု၍ ဆောင်ရွက်ခဲ့ပါသည်။

## ရည်ရွယ်ချက်

ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အသွင်ဆင်တူသည့် အစီအမံနှစ်ရပ်ဖြစ်သော ငြိမ်းချမ်းရေးသဘောတူညီချက်များနှင့် အပြီးသတ်အတည်ပြု ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် လုပ်ဆောင်ချက်အရရော သဘောတရားအရပါကွဲပြားခြားနားပါသည်။ နိုင်ငံတွင်း၌ အင်စတီကျူးရှင်းများမရှိသောကြောင့် သို့မဟုတ် ၎င်းအင်စတီကျူးရှင်းများသည် တရားဝင်မှုဖြစ်စေ အကျိုးထိရောက်မှုဖြစ်စေ မရှိသောကြောင့် ပေါ်ပေါက်လာသည့် လစ်ဟာချက်ကို သတ်မှတ်ထားသည့် ကန့်သတ်အချိန်ကာလအတွင်း ဖြည့်ဆည်းပေးရန် ရည်ရွယ်သည်။ ထို့ကြောင့် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်မှာ တရားဝင်မှုမရှိသော အစိုးရတစ်ရပ်နှင့် ၎င်းထက်ပို၍ တရားဝင်မှုရှိသော အစိုးရအကြား ပေါင်းကူးအဖြစ် ဆောင်ရွက်ပေးရန်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် အသွင်ကူးပြောင်းကာလအတွင်း စီမံအုပ်ချုပ်ရေးအတွက် ယာယီအင်စတီကျူးရှင်းဆိုင်ရာ အခြေခံမူဘောင်တစ်ရပ်နှင့် အစိုးရဖွဲ့စည်းပုံသစ်၊ အပြီးသတ်အတည်ပြုမည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲချမှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆွေးနွေးညှိနှိုင်းရာတွင် အသုံးပြုရန်အတွက် ညှိနှိုင်းမှုဆိုင်ရာ အခြေခံမူဘောင်တစ်ရပ်ကို ယေဘုယျအားဖြင့် ဖော်ပြသတ်မှတ်ပေးထားလေ့ရှိသည်။ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် လုပ်ငန်းစဉ်များဆောင်ရွက်ရန်အတွက် အချိန်ရရှိစေနိုင်သည့် အသုံးဝင်သောနည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ ပဋိပက္ခတွင် ပါဝင်နေသူများအနေဖြင့် ဆွေးနွေးညှိနှိုင်းရန်အတွက် သာမက လောလောလတ်လတ် ဖြစ်ပွားပြီးဆုံးထားသည့် ပဋိပက္ခ၏ လက်ကျန်အငွေ့အသက် လွှမ်းမိုး

နေသော ဆက်ဆံရေးများနှင့် ရန်လိုမှုများကို အတိုင်းအတာတစ်ခုအထိ ပြေပျောက်သွားစေရန် အတွက်ပါ ပိုမို၍အချိန်ယူနိုင်သည့်အတွက် သင့်လျော်အကျိုးရှိပါသည်။ ပြောင်းလဲပြင်လွယ်ရှိမှုနှင့် (အချိန်ကာလတစ်ခုအထိ) တည်တံ့ခိုင်မြဲမှုဟူသည့် လိုအပ်ချက်နှစ်ချက်အကြား ကြားကာလအစီအမံ များသည် ဟန်ချက်ညီညီ ထိန်းကျောင်းပေးပေရာ ကြားကာလအစီအမံများကို ဆောင်ရွက်ရာတွင် ညှိနှိုင်းသဘောတူညီ၊ စီမံခန့်ခွဲချမှတ်ထားသည့် မူဘောင်တစ်ရပ်အတွင်းမှနေ၍ အပြောင်းအလဲ လုပ်ငန်းစဉ်ကိုဖော်ဆောင်နိုင်ရန် ရည်ရွယ်သည်။

ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် သက်ဆိုင်ရာပါဝင်ဆောင်ရွက်သူများအချင်း ချင်းအကြား ယုံကြည်မှု တည်ဆောက်ရာတွင် ပံ့ပိုးပေးရန်အလို့ငှာ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက် နိုင်သည့် လမ်းကြောင်းတစ်ရပ်ကို ချမှတ်ပေးပါသည်။ သို့သော် ထိုသည်သာမက တရားဝင်မှုရှိသော အသွင်ကူးပြောင်းကာလ အစိုးရတစ်ရပ်ရှိစေရေးသေချာစေပြီး အသွင်ကူးပြောင်းခြင်းအတွက် သက် ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများအကြား ချမှတ်ထားသည့် အစီအမံများကို တရားဝင်စနစ်တကျဖြစ် စေရန်အတွက်လည်း ပြဋ္ဌာန်းပေးပါသည်။ ပဋိပက္ခတွင်း/အလွန် ကြားကာလ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာလုပ်ငန်းစဉ်သည် တစ်ဦးတစ်ယောက်တည်းနှင့် အထက်တန်းလွှာကသာ ပိုင်စိုးထား သည့် လုပ်ပိုင်ခွင့်အာဏာများကို ပြည်သူ့အာဏာနှင့် ပြည်သူ့အကျိုးစီးပွားအဖြစ် ပြောင်းလဲပုံဖော် ပေးပါသည်။ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် လက်ရှိကာလအတွင်းရှိ အချို့သော နိုင်ငံရေးအပေးအယူများညှိနှိုင်းရာတွင် ကြုံတွေ့ရသည့် အကန့်အသတ်များကိုသာမက ပြည်သူလူထု ၏ မျှော်လင့်ချက်များနှင့် စိုးရိမ်မှုများအား အသိအမှတ်ပြု ထင်ဟပ်နိုင်သည့် ဥပဒေတစ်ရပ်ဖြစ်ရန် လိုအပ်သည်။

## *နောက်ခံအခြေအနေများ/လားရာများ*

၁၉၄၅ ခုနှစ်မှစတင်၍ လက်ရှိအချိန်ထိ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ၈၉ ခုရှိပြီး ကြားကာလ ဖွဲ့စည်းပုံအခြေခံဥဒေများ၏ သမိုင်းကြောင်းကို လက်တွေ့အထောက်အထား အခြေပြု ဆန်းစစ်ထားသည့် လေ့လာချက်တစ်ခုအရ ၎င်းတို့ကို မည်သည့်အချိန်အခါတွင် မည်သို့ရေးဆွဲသည် နှင့် အမှန်တကယ်ကျင့်သုံးမှု ရှိ/မရှိ ဟူသည့်အချက်များသည် အလွန်ကွဲပြားကြသည်။ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများကို အဓိကအားဖြင့် စစ်အာဏာသိမ်းမှုအပြီးတွင် ရေးဆွဲချမှတ်ခဲ့ကြသည့် ၁၉၄၅-၉၀ ကာလနှင့်နှိုင်းယှဉ်ပါက ၁၉၉၀-၂၀၁၄ ကာလတွင် ၎င်းတို့ကိုအခြေအနေအမျိုးမျိုးအတွက် ယခင်ထက်များစွာပိုမို၍ အသုံးပြုလာကြောင်းတွေ့ရှိရကာ အဆိုပါ အခြေအနေများမှာ ကျူးကျော် သိမ်းပိုက်မှုအလွန် အခြေအနေ၊ ယခင်က ကွဲပြားနေခဲ့သည့် နယ်မြေဒေသများ ပြည်ထောင်စုဖွဲ့စည်း ခြင်း၊ လွတ်လပ်ရေးရရှိခြင်း၊ နိုင်ငံတော်မှ ခွဲထွက်ခြင်း၊ ကိုလိုနီလွှမ်းမိုးမှု ပယ်ဖျက်ခြင်း၊ ကွန်မြူနစ် ဝါဒကို ချမှတ်ပြဋ္ဌာန်းခြင်း သို့မဟုတ် အပြီးသတ်ပယ်ဖျက်ခြင်း၊ အကြမ်းဖက်ပဋိပက္ခကို အဆုံးသတ် ခြင်း၊ နှင့် အများဆုံးကြုံတွေ့ရသည်မှာ အာဏာရှင်အစိုးရကိုဖြုတ်ချမှုအလွန် အခြေအနေဖြစ်ပါသည်။

ထိုသို့ အမျိုးမျိုးအထွေထွေ ကွဲပြားနေသည့် နောက်ခံအခြေအနေတွင် ယေဘုယျကောက် ချက်များချမှတ်ရန် ခက်ခဲသော်လည်း ၁၉၉၀ ခုနှစ်အလွန် ကာလတွင် ပေါ်ပေါက်လာသည့် လားရာ

များကို အကျယ်တပြန့်ချိတ်ဆက်ကြည့်မြင် သုံးသပ်နိုင်ပါသည်။ လုပ်ငန်းစဉ်အရ ကြည့်ပါက ပဋိပက္ခအလွန် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို (ရှင်းလင်းမြင်သာသည့် အနိုင်ရအဖွဲ့က လုပ်ငန်းစဉ်ကို ဦးဆောင်နေသည့် အခြေအနေများနှင့် မတူညီဘဲ) စစ်ရေးအရ မတိုးသာမဆုတ်သာ အခြေအနေသို့ရောက်ရှိနေပြီး ထို့အပြင် နိုင်ငံရေးမတည်ငြိမ်မှုကိုပါ ကြုံတွေ့နေရသည့် အခြေအနေတွင် နှစ်ဦးနှစ်ဘက် ညှိနှိုင်းအလျှော့ပေးခြင်းအတွက် ယန္တရားများအဖြစ် ပိုမို၍အသုံးပြုလာပါသည်။ ရေးဆွဲချမှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် 'လွန်းပျံ သံခင်းတမန်ခင်း' ကို အသုံးပြုကာ ပဋိပက္ခဒဏ်သင့်နိုင်ငံ၏ ပြင်ပတွင်ဆောင်ရွက်လေ့ရှိသဖြင့် နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍသည်လည်း ပိုမို၍အရေးပါလာသည်။ ညှိနှိုင်းသဘောတူညီမှုရရှိထားသော ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ခြွင်းချက်အဖြစ်သတ်မှတ်ဖော်ပြရမည့် ကိစ္စရပ်များမဟုတ်တော့ဘဲ စံလုပ်ငန်းစဉ်အဖြစ် ပြောင်းလဲလာကာ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင်လည်း သဘောတူညီချက်များကို တိုးဖြည့်ချမှတ်ခြင်းဖြင့် အဆင့်များခွဲ၍ လုပ်ဆောင်လာကြပါသည်။ ပဋိပက္ခအလွန် အခင်းအကျင်းနှင့် သက်ဆိုင်သည့် ဥပဒေ စာရွက်စာတမ်းများ၏ မတူကွဲပြားစုံလင်မှုနှင့် အရေအတွက်သည် ဤသို့ အဆင့်အလိုက်မွမ်းမံလုပ်ဆောင်မှုကြောင့် တိုးမြင့်လာသည်။ ပြဋ္ဌာန်းချက်အကြောင်းအရာပိုင်းအရ ဖော်ပြရသော် ပြည်တွင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် နိုင်ငံတွင်းရှိ ပြည်သူများကိုသာမက နိုင်ငံတကာ အသိုက်အဝန်းကိုပါ ဦးတည်ဆောင်ရွက်လာကြကာ အဆင့်နှစ်ခုလုံး၌ တရားဝင်မှုကိုရယူရန် အကြောင်းမျိုးမျိုးဖြင့် ကြိုးပမ်းလာကြသည်။ သို့ဖြစ်၍ နိုင်ငံတကာစံနှုန်း၊ စံသတ်မှတ်ချက်များသည် ပြည်တွင်း ဥပဒေ၊ စာရွက်တမ်းများအတွက် အရေးပါသည့် အခန်းကဏ္ဍကနေ တိုး၍ပါဝင်လာကြသည်။ ဥပမာအားဖြင့် လူ့အခွင့်အရေးစံနှုန်းများနှင့် အရေးပေါ်အခြေအနေ၌ ကျင့်သုံးပိုင်သည့် အာဏာများနှင့် စပ်လျဉ်းသည့် အနက်ဖွင့်ဆိုမှုများနှင့် နိုင်ငံတကာစာချုပ်စာတမ်းများကို ပြည်တွင်းဥပဒေများ၌ ထည့်သွင်းစဉ်းစားကာ ပေါင်းစပ်ပြဋ္ဌာန်းခြင်းတို့ကို သိသိသာသာတွေ့ရသည်။

## *အနက်ဖွင့်ဆိုချက်*

ဤသို့ လုပ်ထုံးလုပ်နည်းဆိုင်ရာ၊ နောက်ခံအခြေအနေဆိုင်ရာနှင့် အကြောင်းအရာပိုင်းဆိုင်ရာ စုံလင်ကွဲပြားစွာ ရှိနေခြင်းကြောင့် 'ပဋိပက္ခအလွန် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ' ဟူသည့်စကားရပ်ကို ဖွင့်ဆိုသတ်မှတ်ရာ၌ အခက်အခဲကြုံလာရသည်။ ၎င်းစကားရပ်ကို ပဋိပက္ခ/အလွန်/ကြားကာလ/ဖွဲ့စည်းပုံအခြေခံဥပဒေ ဟူ၍ သီးခြားစီ ခွဲခြားကြည့်ရှုပါက ဤဆွေးနွေးမှုနယ်ပယ်တွင်ပါဝင်နေသည့် စာရွက်စာတမ်းများ၏ ကွဲပြားစုံလင်မှုကို အတိအကျ ထင်ဟပ်ဖော်ပြနိုင်ရန် အခက်အခဲ ကြုံလာရပါသည်။ အနက်ဖွင့်ဆိုရာတွင် အခက်အခဲရှိခြင်းမှာ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အခြားသော ကြားကာလအစီအမံများ၊ ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် အပြီးသတ်အတည်ပြု ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် မည်သို့မည်ပုံ ကွဲပြားခြားနားနေသည်ကိုသာမက ဤကွဲပြားခြားနားချက်များ ကွယ်ပျောက်မသွားအောင် ထိန်းသိမ်းရန် အဘယ်ကြောင့် အရေးကြီးသည်ကိုပါ မီးမောင်းထိုး ဖော်ပြနေပါသည်။

ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသုံးပြုခြင်းသည် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းနှင့် နိုင်ငံတော်တည်ဆောက်ခြင်းဟူသည့် လုပ်ငန်းတာဝန်နှစ်ရပ်အကြားတွင် အပြင်းအထန်ပွတ်တိုက်တင်းမာမှုကို ပေါ်ပေါက်စေပါသည်။ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပဋိပက္ခတွင် ပါဝင်သူများအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစောပိုင်းအဆင့်များ၌ ရေးဆွဲချမှတ်လေ့ရှိသော်လည်း ထိုမျှသာမက အပြီးသတ်အတည်ပြုကျင့်သုံးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲဖန်တီးရာတွင်လည်း လုပ်ထုံးလုပ်နည်းအရသာမက ပြဌာန်းချက် အကြောင်းအရာပိုင်းအတွက်ပါ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ အားလုံးအကျုံးဝင်ပါဝင်မှု/ ပြည်သူပါဝင်ဆောင်ရွက်မှုသည် ကြုံတွေ့ရနိုင်သည့် အခြားသော ကွဲပြားခြားနားချက်တစ်ခုဖြစ်ပြီး ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် ဦးတည်ရည်ရွယ်သည့် နိုင်ငံရေးသဘောတူညီချက်များအဖြစ် ရှုမြင်နားလည်ခြင်းကြောင့် အသွင်ကူးပြောင်းကာလတွင် ပြည်သူလူထု ပါဝင်ဆောင်ရွက်စေရန် လိုအပ်ခြင်းမရှိဘဲ အပြီးသတ်အတည်ပြု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲချမှတ်သည့် လုပ်ငန်းစဉ်၌သာ ပါဝင်စေရန်လိုအပ်သည်ဟူသည့် သဘောထားအမြင်ကို ပေါ်ပေါက်လာစေပါသည်။ သို့ရာတွင် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားဝင်မှုသည် ပြည်သူလူထု အပြည့်အဝပါဝင်ဆောင်ရွက်ခြင်း မရှိလျှင်ပင် အားလုံးအကျုံးဝင်ပါဝင်မှု အတိုင်းအတာတစ်ခုအထိ ရှိခြင်းအပေါ် မှီတည်နေနိုင်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်မှုများအပေါ် အမှန်တကယ်ဩဇာလွှမ်းနိုင်သူများ ဆွေးနွေးညှိနှိုင်းရေး စားပွဲဝိုင်းတွင်မပါဝင်ပါက လုပ်ငန်းစဉ် (နှင့် ပေါ်ထွက်လာမည့် ညှိနှိုင်းသဘောတူညီချက်) အပေါ် အားပေးထောက်ခံမှုရရှိရန် ခက်ခဲမည်ဖြစ်ပါသည်။

## *နယ်ပယ်အတိုင်းအတာ*

အရေးပါသည့် မေးခွန်းတစ်ရပ်မှာ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ 'အထူအနက်'၊ တစ်နည်းဆိုရသော် ထည့်သွင်းဖော်ပြထားသည့် အရေးကိစ္စရပ်များ၏ လွှမ်းခြုံကျယ်ပြန့်မှုနှင့် အသေးစိတ်ကျမှုပင်ဖြစ်ပါသည်။ အကြောင်းအရာအလိုက် ဆွေးနွေးတင်ဆက်မှုများတွင် အရေးကိစ္စ အားလုံးကို တစ်ပြိုင်နက်တည်းဆုံးဖြတ်ရန် ကြိုးပမ်းခြင်း၏ အန္တရာယ်နှင့်စပ်လျဉ်း၍ ရှင်းလင်းစွာတင်ဆက်ဖော်ပြထားပါသည်။ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အရေးကိစ္စရပ်အများအပြားကို အလွန်အမင်း အသေးစိတ်ကိုင်တွယ်ဖော်ပြရန် ကြိုးပမ်းပါက ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်သူများသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပေးဆပ်ရသည့်တန်ဖိုး ပိုမိုမြင့်မားလာမည် ဖြစ်ပါသည်။ ထို့အပြင် အလွန်အမင်း အသေးစိတ်ဖော်ပြထားသည့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပါက အထိုင်ကျသွားကာ အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ပြောင်းလဲသွားပြီး ပြည်သူလူထုပါဝင်ဆောင်ရွက်မှု စိုးစဉ်းမျှမပါဘဲ (သို့မဟုတ် အနည်းငယ်မျှသာဖြင့်) အစိုးရစနစ်ကို အပြည့်အစုံ ရေးဆွဲသတ်မှတ်ခြင်း ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်လည်း ရှိပါသည်။ တိုတောင်းပြီး ကန့်သတ်ချက်များ ပိုမိုပါဝင်သော ပြဌာန်းစာသားဖြစ်ပါက ဤအန္တရာယ်များကို လျှော့ချကာ ပိုမိုမြန်ဆန်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်ရန် အာမခံချက်ပေးနိုင်သည်ဟု ယူဆထားကြပါသည်။ သို့ရာတွင် ဤချဉ်းကပ်နည်းလမ်းကြောင့် ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်မှာ ပြဌာန်းစာသားသည် အလွန်အမင်းတိုတောင်းနေပြီး နိုင်ငံတကာစံနှုန်းများအပေါ် အလွန်အကျုး မှီခိုရနိုင်

ခြင်းဖြစ်ပါသည်။ သို့သော် ဤအချက်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်မှာ ပြည်တွင်းနောက်ခံ အခြေအနေ၏ အချက်အလက်များကို လုံလောက်စွာထည့်သွင်းစဉ်းစားရန် ပျက်ကွက်မှုကြောင့် ထို အခြေခံဥပဒေသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည်ဟူသည့် ထင်မြင်ချက်ကို အားနည်းစေပြီး ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အားပေးထောက်ခံမှုရရှိရန် ခက်ခဲမည်ဖြစ်ပါသည်။ အစီ အမံများသည် အသေးစိတ်ကျလေ ပြောင်းရန်ပြင်ရန်ခက်လေဖြစ်ကြောင်းကို ပါဝင်တက်ရောက်သူ တစ်ဦးက ထောက်ပြဆွေးနွေးခဲ့ပြီး အကြောင်းရင်းမှာ သဘောတူညီချက် အသေးစိတ်များကို ဆွေးနွေး ညှိနှိုင်းရန် အချိန်နှင့်အင်အား စိုက်ထုတ်ထားသည့် သက်ဆိုင်ပါဝင်သူများအနေဖြင့် 'ဆုံးဖြတ်ချက် အတွက် ပေးဆပ်ရသည့်တန်ဖိုး' ပိုမိုမြင့်မားသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် အသေးစိတ်ကျ သော အစီအမံများသည် အရေးပါထင်ရှားသည့် ကိုယ်ကျိုးမျှော်အစုအဖွဲ့ အချို့အတွက် အကျိုး အမြတ်များ ရရှိစေနိုင်သည့် ဖြစ်နိုင်ခြေလည်း ရှိနေပါသည်။

ဤတွင် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်တွင် အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက် များအတွက် မည်သို့ထည့်သွင်းစဉ်းစားရမည်ကို ဆွေးနွေးရန်ရှိလာသည်။ အပြီးသတ်တည်မြဲသွားနိုင် သည့် ဖြစ်နိုင်ခြေအန္တရာယ်ကို ဖယ်ရှားရန်အရေးကြီးပြီး လက်တွေ့ဆောင်ရွက်ရာ၌ နိုင်ငံတကာ ဥပဒေကို အသက်သွင်းလိုက်နာစေခြင်းသည် နိုင်ငံတွင်း ပြဋ္ဌာန်းချက်အသစ်များကို ဒီဇိုင်းရေးဆွဲ ချမှတ်ခြင်းထက် ပိုမိုလွယ်ကူနိုင်ပါသည်။ သတိပြုရမည်မှာ ဆွေးနွေးညှိနှိုင်းသဘောတူညီချက်များ ရေရှည်တည်တံ့စေဖို့ဆိုလျှင် လူသိရှင်ကြားသတ်မှတ်ထားသည့် စံတန်ဖိုးစနစ်သည် ကာယကံရှင် နိုင်ငံ ကိုယ်တိုင်ကထုစစ်ထားသောစနစ်ဖြစ်ဖို့ အရေးကြီးပါသည်။ ထို့ကြောင့် နိုင်ငံတကာဥပဒေများ ကို တိုက်ရိုက်အသုံးချရာ၌ ထိုပကတိအနေအထားကို နှလုံးသွင်း၍ ဟန်ချက်ညီညီဆောက်ရွက်ရန် လိုအပ်ပါသည်။

အချို့သူများအနေဖြင့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်ဖွင့်ဆိုရာတွင် 'အပြီး သတ် ဖွဲ့စည်းပုံအခြေခံဥပဒေ မပေါ်ပေါက်သေးမီ ကြားကာလအတွင်း လိုက်နာကျင့်သုံးရန် ပြဋ္ဌာန်း ထားသည့်၊ အတိုင်းအတာတစ်ခုအထိ တရားဝင်ဥပဒေဟု သတ်မှတ်နိုင်သည့် စာရွက်စာတမ်း' ဟူ၍ ပိုမိုတိတိကျကျ ဖော်ပြထားသည့် အနက်ဖွင့်ဆိုချက်ကို နှစ်ခြိုက်ကြပါသည်။ ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကြားကာလ အစီအမံအကြား ကွဲပြားခြားနားချက်ကို ရှင်းရှင်းလင်းလင်းထားရှိ သင့်ပါသည်။ သို့မှသာ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီမှု ရှိမရှိကို ယခင်ရေးဆွဲချမှတ်ထားသည့် ပြဋ္ဌာန်းချက်၊ စည်းမျဉ်းများနှင့် ချိန်ထိုးသုံးသပ်ကာ ဆုံးဖြတ် နိုင်မည်ဖြစ်သည်။ ဤရှုထောင့်မှကြည့်ပါက ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အခြား သော နိုင်ငံတွင်းဥပဒေများအားလုံး၏ အထက်တွင်ရှိသင့်ပြီး တရားရေးအရ ဆုံးဖြတ်စီရင်နိုင်မှု ရှိသင့် ပါသည်။

ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် သဘောတရားအရကြည့်ပါက ငြိမ်းချမ်းရေး သဘောတူညီချက်နှင့် အပြီးသတ်အတည်ပြု ဖွဲ့စည်းပုံအခြေခံဥပဒေအကြား၊ ပဋိပက္ခ ဖြစ်ပွားချိန် နှင့် နိုင်ငံရေးအရ အပြီးသတ်ဆွေးနွေးညှိနှိုင်း သဘောတူညီမှုအကြားတွင် တည်ရှိနေခြင်းကြောင့် ၎င်းတို့၏ နယ်ပယ်အတိုင်းအတာနှင့် ရည်ရွယ်ချက်ကို ဖွင့်ဆိုသတ်မှတ်ရန် ကြိုးပမ်းမှုများ ဆောင်

ရွက်ရာတွင် ခက်ခဲရှုပ်ထွေးသကဲ့သို့ ပိုမိုထိရောက်ကောင်းမွန်မှုရှိနိုင်ရန်လည်း လမ်းစဖွင့်ပေးပါသည်။ အသွင်ကူးပြောင်းခြင်းကို ပဋိပက္ခဖြစ်ပွားနေစဉ် ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်နိုင်၊ မဖြစ်နိုင် ဟူသည့်အချက်ကို ဤဆွေးနွေးပွဲတွင် အလေးအနက်ထား ဆွေးနွေးခဲ့ကြပါသည်။ ငြိမ်းချမ်းရေး သဘောတူညီချက်များနှင့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများအကြား သိသာထင်ရှားသည့် ဘုံတူညီမှုများကို သတ်မှတ်ဖော်ထုတ်ရာတွင် ၎င်းအမျိုးအစား တစ်ရပ်စီတွင် ပါရှိသည့် အကန့်အသတ်များနှင့် လုပ်ငန်းတာဝန်များနှင့်ဆိုင်သည့် စိုးရိမ်ပူပန်မှုများကိုလည်း အလေးအနက် ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ၏နောက်ကွယ်တွင် မတူညီသောရည်ရွယ်ချက်အသီးသီးရှိပေရာ ၎င်းတို့နှစ်ခုအား ရောနှောပေါင်းစပ်ခြင်းပြုလိုက်မည်ကို စိုးရိမ်ပူပန်မှုများရှိကြသည်။ သွေးထွက်သံယိုဖြစ်မှုများ အမြန်ဆုံးရပ်တန့်နိုင်ရေး လိုအပ်ချက်များကြောင့် ရေတိုသဘောတူညီမှုများ ပေါ်ပေါက်လာစေနိုင်ပြီး ၎င်းသဘောတူညီမှုသည် ရေရှည်အကျိုးစီးပွားကို ထင်ဟပ်မှုမရှိခြင်း၊ သို့မဟုတ် အင်စတီကျူးရှင်းများဖွံ့ဖြိုးတိုးတက်ရေးကို ထည့်သွင်းစဉ်းစားထားသည့် ရေရှည်တည့်တံ့မြဲမြံသည့် မူဘောင်မပါဝင်ခြင်းတို့ ဖြစ်နိုင်သည်။ ၎င်းနှင့်ဆက်စပ်သည့် အခြားသောစိုးရိမ်ပူပန်မှုတစ်ရပ်မှာ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ငြိမ်းချမ်းရေးသဘောတူစာချုပ်များအဖြစ် ရှုမြင်သတ်မှတ်ခြင်းကြောင့် ၎င်းတို့၏ ဥပဒေရေးရာ ဝိသေသကို ယိုင်နဲ့စေနိုင်ခြင်း ဖြစ်ပါသည်။ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် နိုင်ငံရေးဆွေးနွေးညှိနှိုင်း သဘောတူညီချက်များထက် သာလွန်အရေးပါသည့် ဥပဒေစာရွက်စာတမ်းများဖြစ်ပြီး ထို့ကြောင့် တရားရုံးတော်များအနေဖြင့် အနက်ဖွင့်ဆို ကျင့်သုံးနိုင်ကာ ငြိမ်းချမ်းရေး သဘောတူညီချက်များကိုမူ ထိုသို့ကျင့်သုံးနိုင်ခြင်း မရှိပေ။ ထို့အပြင် ငြိမ်းချမ်းရေး သဘောတူညီချက်များကို အပြီးသတ်ဆောင်ရွက်ရန် ဆွေးနွေးရာတွင် ပါဝင်ဆောင်ရွက်သူ အရေအတွက် ပိုမိုနည်းပါးနိုင်ပြီး အချိန်ရရှိမှု နည်းပါးသည့် ဖိအားများကို ပိုမိုကြုံတွေ့ရနိုင်သည်။ လုပ်ငန်းကာလသတ်မှတ်ခြင်းသည် အဓိကထားဖြေရှင်းရမည့် အခက်အခဲတစ်ရပ်အဖြစ် ပေါ်ထွက်လာသည်။ အတိုက်အခိုက်များရပ်စဲနိုင်ရန်အတွက် အလျင်လိုမှုသည် ပါဝင်သည့်အကျိုးသက်ဆိုင်သူများအကြား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပြောဆိုမှုကို ထိထိရောက်ရောက်ဆောင်ရွက်ရန် လိုအပ်ချက်နှင့် ပဋိပက္ခဖြစ်ဆန့်ကျင်နေနိုင်ပါသည်။ သဘောတူထားသည့် လုပ်ငန်းကာလအတွင်း အပြီးသတ်ဆောင်ရွက်ရန် မည်မျှအထိ အရေးကြီးသည်၊ ထိုကာလအတွင်း အပြီးသတ်နိုင်မှုမရှိပါက မည်သို့ဆက်လက်ဆောင်ရွက်ရမည် စသည့်အချက်များကိုလည်း အဖြေရှာရမည့် ပြဿနာရပ်များအဖြစ် တင်ပြဆွေးနွေးခဲ့ကြသည်။

သို့ရာတွင် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်များအကြား ကွဲပြားခြားနားချက်မှာ အလျင်အမြန်ပင်ဝေဝါးလာပါသည်။ ၎င်းတို့နှစ်ခုအကြား ယတိပြတ်ပိုင်းခြားသတ်မှတ်ခြင်းသည်လည်း လက်နက်ကိုင်အဖွဲ့များသည် လက်နက်အသုံးပြု တိုက်ခိုက်ခြင်းထက် ဆွေးနွေးပြောဆိုခြင်းဖြင့် အကျိုးကျေးဇူး ပိုမိုရရှိနိုင်ရန် ဆွေးနွေးညှိနှိုင်းရေး စားပွဲဝိုင်းသို့ လာရောက်ခြင်းဟူသည့် အရှိတရားကို ထင်ဟပ်ဖော်ပြနိုင်မည်ဟု တရားသေယူဆခြင်း မပြုနိုင်ပေ။ လုပ်ငန်းစဉ်တွင် သက်ဆိုင်ပါဝင်သူများ၏ အပေးအယူညှိနှိုင်းမှု ဆောင်ရွက်နိုင်စွမ်းသည် ၎င်းတို့၏ တိုက်ရည်ခိုက်ရည် အင်အားနှင့် တိုက်ရိုက်ဆက်နွှယ်နေသည်၊ ဤ အခြေအနေတွင် အဖွဲ့အစည်းများ

အနေဖြင့် အကျိုးဆက်ရလဒ် မရေရာသည့် ဆွေးနွေးဝိုင်းအတွက် ၎င်းတို့၏ တိုက်ပွဲမြေပြင်မှ အားသာချက်ကို အသာတကြည် လက်လွှတ်လိုခြင်း မရှိကြပေ။ ထို့အပြင် အကြမ်းဖက် ပဋိပက္ခတွင် ပါဝင်ရခြင်းမှာ နိုင်ငံရေးတည်ငြိမ်မှုကို လိုလား၍မဟုတ်ဘဲ ထိုသို့တည်ငြိမ်မှုကို စွန့်ပစ်စတေးနိုင်သည့် ဆန္ဒရှိသောကြောင့်ပင် ဖြစ်သည်ဟု ပါဝင်တက်ရောက်သူများက မှတ်ချက်ပြု ဆွေးနွေးခဲ့ကြသည်။

# နိဂုံးကောက်ချက်များ

ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းနှင့် တည်ငြိမ်သော ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံမူဘောင် ရေးဆွဲချမှတ်ခြင်းအကြားရှိ လုပ်ငန်းစဉ်တွင် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြစ်နိုင်ချေရှိသော မူဝါဒတစ်ရပ်အဖြစ် ရွေးချယ်အသုံးပြုမှုအပေါ် လမ်းညွှန်ချက်ပေးနိုင်ရန်မှာ ဤနှစ်စဉ်အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကရည်မှန်းချက်ဖြစ်ပေရာ ယခုပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲသည် ထိုရည်မှန်းချက်သို့ရောက်ရှိရန် ပထမခြေလှမ်း ဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မျှဝေဆွေးနွေးခဲ့သည့် အတွေ့အကြုံဖြတ်သန်းမှုများနှင့် အသိပညာများကို ထပ်ဆောင်းသုတေသနများ ဆောင်ရွက်မည်ဖြစ်ပြီး ရည်ရွယ်ချက်မှာ မူဝါဒစာတမ်းတစ်ရပ်ကို ရေးသားပြုစုထုတ်ဝေရန် ဖြစ်ပါသည်။ ဆွေးနွေးမှုများမှရရှိလာသည့် နိဂုံးချုပ်ကောက်ချက်များကို ဤတွင်အကျဉ်းချုပ်ဖော်ပြထားပြီး ဆက်လက်ဆောင်ရွက်မည့် သုတေသနများကို ၎င်းတို့အပေါ်အခြေခံမည်ဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် (အားလုံးသဘောတူ မဟုတ်သော်လည်း) ယေဘုယျအားဖြင့်သဘောမျှခဲ့ကြသည့်၊ ဘုံအဖြစ်ကြုံတွေ့ရပြီး ထပ်ကျော့ပါဝင်နေသော အဓိကအကြောင်းအရာများနှင့်စပ်လျဉ်းသည့် ပဏာမရှာဖွေတွေ့ရှိချက်များကို အောက်တွင်ဖော်ပြထားပါသည်။

လေ့လာရရှိခဲ့သည့် သင်ခန်းစာများနှင့် မျှဝေဖော်ပြခဲ့သည့် အတွေ့အကြုံဖြတ်သန်းမှုများကိုအခြေခံ၍ မူဝါဒအကြံပြုချက်များ မည်သို့အကောင်းဆုံးပေးစွမ်းနိုင်မည်ကို ဆွေးနွေးခဲ့ကြရာတွင် ပေါ်ထွက်လာသော အရေးကြီးသည့် အကြောင်းချင်းရာတစ်ခုရှိပြီး ၎င်းကိုစဉ်းစားမှတ်သားရန် အရေးကြီးပါသည်။ ဤသည်မှာ အခြားသောရွေးချယ်စရာများ အများအပြားရှိနေပါက ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ (သို့မဟုတ် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံအသွင်သဏ္ဍာန်တစ်ရပ်ရပ်) ရေးဆွဲချမှတ်ရန် ရွေးချယ်မှုကို မူဝါဒရွေးချယ်မှုတစ်ရပ်အဖြစ် ရွေးချယ်ဆုံးဖြတ်သည့်နိုင်ငံ မရှိသလောက်ဖြစ်သည်ဟူသော ယူဆရှုမြင်ချက်ပင် ဖြစ်သည်။ ထိုအစား သမိုင်းကြောင်းဆိုင်ရာ နောက်ခံအခြေအနေနှင့် လက်ရှိကြုံတွေ့နေရသည့် အကန့်အသတ်အခက်အခဲများဖြစ်သည့်နိုင်ငံရေးအခြေအနေများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလုပ်ငန်းစဉ်၏ အသွင်သဏ္ဍာန်ကို ပုံဖော်သတ်မှတ်ပေးခြင်း ဖြစ်သည်။

ထို့ကြောင့် မူဝါဒ ရေးဆွဲချမှတ်သူများ၊ အကြံပေးပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ဤစီမံချက်၏ရည်ရွယ်ချက်မှာ -

- အမျိုးမျိုးသော ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများရှိကြောင်းနှင့် ပြောင်းလွယ်ပြင်လွယ်ဖြစ်သည့် အခြေအနေရှိပါက ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ

များကို အသုံးပြုခြင်းသည် ရွေးချယ်နိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်သည်ဟူသော အချက်ကို သိရှိနားလည်စေရန်နှင့် ဗဟုသုတ တိုးပွားစေရန်၊

- ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆွေးနွေးညှိနှိုင်းရန် လိုအပ်နေသည့် အခြေအနေ အမှန်တကယ်ဖြစ်ပါက အခြားသော နောက်ခံအခြေအနေများ၌ အလားတူလုပ်ငန်းစဉ်များနှင့် စာရွက်စာတမ်းများအား မည်သို့ အသုံးချခဲ့သည်နှင့်စပ်လျဉ်းသော အသိပညာနှင့် သိရှိနားလည်မှုကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။

# နောက်ခံအခြေအနေဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များ

'နောက်ခံအခြေအနေသည် အရေးပါသည်' ဟူသော ဆိုရိုးကို မကြာခဏပင် အသုံးပြုလေ့ရှိကြသော်လည်း ပြည်တွင်းနောက်ခံအခြေအနေမှ မည်သည့်အချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပြီး ၎င်းအချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်ခြင်းလုပ်ငန်းစဉ်အပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိနိုင်သည်ကို မသိရှိပါက ထိုက်သင့်သလောက် အထောက်အကူဖြစ်မည် မဟုတ်ပေ။ ဆွေးနွေးမှုများတွင် ထပ်ခါတလဲလဲ ပြောဆိုဆွေးနွေးခဲ့ကြသည့် နောက်ခံအခြေအနေဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များကို အောက်တွင်စာရင်းပြုစုဖော်ပြထားပြီး အချက်တစ်ချက်စီနှင့်စပ်လျဉ်း၍လည်း ထည့်သွင်းစဉ်းစားသင့်သည့် မေးခွန်းအချို့ကိုဖော်ပြထားပါသည်။

## *ပဋိပက္ခ*

ပဋိပက္ခဒဏ်သင့်အခြေအနေများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အကြမ်းဖက်မှုဖြစ်ပွားနေခြင်းမရှိသော အခြေအနေများတွင် ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ကွဲပြားသော်လည်း နောက်ခံအခြေအနေဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အလွန်အရေးကြီးသည့် အချက်တစ်ချက်မှာ ပဋိပက္ခ၏ သဘောသဘာဝ ဖြစ်သည်။ ပဋိပက္ခ၏ အကြောင်းဇာစ်မြစ်မှာ အဘယ်နည်း။ အတိုက်အခိုက် အလုံးစုံရပ်စဲပြီး ဖြစ်ပါသလား၊ သို့မဟုတ် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ထိုးပြီးနောက်တွင် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ခြင်း လုပ်ငန်းစဉ်ကို စတင်ပြီးနောက်တွင် ပဋိပက္ခအချို့ကျန်ရှိဖြစ်ပွားနေဆဲ ဖြစ်ပါသလား။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ရန်အတွက် အခြေအနေလုံလုံလောက်လောက် တည်ငြိမ်ခြင်း ရှိပါသလား။ ပဋိပက္ခတွင် မည်သည့်အဖွဲ့များ ပါဝင်နေသနည်း၊ ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် မည်သည့် တောင်းဆိုချက်များဖော်ပြထားပြီး မည်သည်တို့ကိုဖြည့်ဆည်းနိုင်ကာ မည်သည်တို့ကျန်ရှိနေသနည်း။ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချမှတ်ကျင့်သုံးရန် အဘယ်ကြောင့် စဉ်းစားသနည်း၊ အဆိုပါ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေအနေဖြင့် မည်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးစေရန် မျှော်မှန်းထားသနည်း။

## *နိုင်ငံရေး အခင်းအကျင်း*

ကြုံတွေ့ရနိုင်သည့် အခက်အခဲ ပြဿနာရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ မျှော်မှန်းချက်များ၊ သဘောတူညီချက်ရယူနိုင်ရန် အခွင့်အလမ်းများ၊ ဖွဲ့စည်းနိုင်သည့် မဟာမိတ်ဆက်ဆံရေးများနှင့် အကြောင်းအရာအသီးသီးအလိုက် ဖွဲ့စည်းထားသော ညွန့်ပေါင်းဖွဲ့စည်းမှုများ၊ ဖက်ပြိုင်လျှက်ရှိကြ

သည့် အဖွဲ့အစည်းများ၏ တရားဝင်မှုကို သိရှိနိုင်ရန်အလို့ငှာ နိုင်ငံရေးအခင်းအကျင်းကို ထည့်သွင်းစဉ်းစား၍ နားလည်ရန်လိုအပ်သည်။ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲချမှတ်ပါက အထက်တွင်ဖော်ပြခဲ့သည့် အကျိုးစီးပွားများသည် ထိုကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ၏ 'ကြာရှည်တည်မြဲမှု' နှင့် ပြဋ္ဌာန်းချက်များအပေါ် မည်သို့အကျိုးသက်ရောက်မှု ရှိနိုင်သနည်း။

## နိုင်ငံတကာ အသိုက်အဝန်း၏ အခန်းကဏ္ဍ

နိုင်ငံတကာ အသိုက်အဝန်းသည် ပဋိပက္ခတွင် တိုက်ရိုက်ပါဝင်ဆက်နွှယ်၍ လုပ်ဆောင်ရသည့် အခန်းကဏ္ဍရှိသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင်မူ ၎င်း၏အခန်းကဏ္ဍသည် များစွာပိုမိုထင်ရှားအရေးပါသည်။ သို့သော် တရားဝင်မှုနှင့်ဆိုင်သည့် စိန်ခေါ်မှုအခက်အခဲများတော့ ရှိသည်။ ထို့အပြင် နိုင်ငံတကာ၏ ချိတ်ဆက်ပါဝင်မှုကို မည်သို့သော အသွင်သဏ္ဍာန်ဖြင့် ဆောင်ရွက်မည်၊ ဆိုလိုသည်မှာ နိုင်ငံတကာ အသိုက်အဝန်းဟု ဆိုရာတွင် မည်သူတို့ကိုဆိုလိုပြီး မည်သည့်နည်းဟန်ဖြင့် ချိတ်ဆက်ပါဝင်စေမည်ကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည် (ဥပမာ ကုလသမဂ္ဂမှတစ်ဆင့်၊ သတ်မှတ်နိုင်ငံမှတစ်ဆင့်၊ ယခင်က ကိုလိုနီပြုခဲ့သည့် နိုင်ငံ၏ သြဇာမှတစ်ဆင့်၊ အိမ်နီးချင်း အင်အားကြီးနိုင်ငံ၏ သြဇာမှတစ်ဆင့် စသည်ဖြင့်)။ ထိုအဖွဲ့အစည်း သို့မဟုတ် အင်စတီကျူးရှင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ မည်သည့်ကျွမ်းကျင်မှုများ ပိုင်ဆိုင်သနည်း၊ မည်သည့်အကန့်အသတ်များ ရှိသနည်း။

# ထည့်သွင်းစဉ်းစားရမည့် အဓိကပြဿနာများ

အထက်တွင် ဖော်ပြခဲ့သည့် နောက်ခံအခြေအနေဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များကိုမှတ်သားကာ ထည့်သွင်းစဉ်းစားရမည့် အဓိက ပြဿနာများကို အောက်တွင်ဖော်ပြထားပါသည် -

- *စေ့စပ်ညှိနှိုင်းဆွေးနွေးရေး/မူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်တွင် မည်သူတို့ပါဝင်ရမည်နည်း။* ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယာယီသဘောသဘာဝရှိခြင်း၊ ပဋိပက္ခ အဆုံးသတ်ပြီးကာလ ပေါ်ပေါက်လာသည့် လုပ်ပိုင်ခွင့်အာဏာဆိုင်ရာ အကန့်အသတ်များ၊ နှင့် အပြီးသတ်အတည်ပြု ပြဋ္ဌာန်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်ဆောင်ရွက်သူဦးရေ ပိုမိုများပြားလာမည်ဟူသော ကတိကဝတ်တို့ကြောင့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖန်တီးရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်သူဦးရေသည် အပြီးသတ်အတည်ပြု ပြဋ္ဌာန်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်သည့် ဦးရေထက် နည်းပါးသည်ဟု ပါဝင်တက်ရောက်သူများက ယေဘုယျအားဖြင့် သဘောတူလက်ခံကြသည်။ အချို့သော အခြေအနေကိစ္စရပ်များတွင်မူ အားလုံးအကျုံးဝင်ပါဝင်မှု/တရားဝင်မှု အပြည့်အဝရှိစေရန် အားထုတ်ခြင်းသည် ငြိမ်းချမ်းရေးရရှိစေရန် အထောက်အကူပြုခြင်းထက် ငြိမ်းချမ်းရေးကိုပျက်ပြားစေနိုင်သည် (ဥပမာ - ဆိုမားလီးယားနိုင်ငံတွင် အယ်လ်ရှာဘတ် အဖွဲ့အစည်း ပါဝင်လာခြင်း)။

- *'စေးညှိကပ်တွယ်မှု နှင့် နယ်ပယ်အတိုင်းအတာ။* ပြဋ္ဌာန်းချက်ပါ အကြောင်းအရာပိုင်းမှ ကြည့်ပါက ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အမှန်တကယ်အရေးပါလိုအပ်သော အကြောင်းအရာ အနည်းအကျဉ်းကိုသာ ထည့်သွင်းဖော်ပြသင့်ပါသည်။ အသေးစိတ်အချက်အလက်များကို အလွန်အမင်း ထည့်သွင်းဖော်ပြခြင်းသည် အပြီးသတ်အတည်ပြု ပြဋ္ဌာန်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ညှိနှိုင်းဆွေးနွေးရန် လိုလားမှုများကို လျော့ကျစေနိုင်သည်။ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲမှုတွင် ပါဝင်ဆောင်ရွက်သည့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် ၎င်းတို့၏ အကျိုးစီးပွားများကိုကာကွယ်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ပါက ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အချို့သောပြဋ္ဌာန်းချက်များ သို့မဟုတ် ထိုပြဋ္ဌာန်းချက်များအရ ဖွဲ့စည်းထားသော အင်စတီကျူးရှင်းများသည် ကပ်တွယ်နေနိုင်သည်။ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေကို အားလုံးအကျုံးဝင်ပါဝင်မှု မရှိသော ဆွေးနွေးညှိနှိုင်းမှုများဖြင့် သဘောတူရေးဆွဲထားလင့်ကစား ထိုကြားကာလ

ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြဋ္ဌာန်းချက်အချို့သည် အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါ ဆက်လက်ပါဝင်နေနိုင်ခြင်းကို ဆိုလိုသည်။ သို့ဖြစ်စေကာမူ ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားမည်ဖြစ်ရာ လုပ်ငန်းစဉ်ကို နှောင့်နှေးကြန့်ကြာစေမည့် သဘောမတူညီမှု များကို ရှောင်ကြဉ်နိုင်ရန်အတွက် ၎င်းလုပ်ထုံးလုပ်နည်းများကိုမူ ရှင်းရှင်းလင်းလင်းဖြင့် အသေးစိတ် ဖော်ပြထားသင့်သည်။ နောက်ဆုံးအနေဖြင့် အခြေခံလူ့အခွင့်အရေးများကို ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြထားသင့်သလော သို့မဟုတ် အချိန်အကန့်အသတ်ရှိမှုနှင့် အမျိုးအလွှာစုံ အကျယ်တပြန့် ပါဝင်စေရန်အတွက် နယ်ပယ် အတိုင်းအတာ အကန့်အသတ်ရှိမှုတို့ကြောင့် ကြားကာလတွင် နိုင်ငံတကာ လူ့အခွင့်အရေး များအပေါ် အမှီသဟဲပြုသင့်သလော ဟူသည်နှင့်စပ်လျဉ်း၍ ငြင်းခုံဆွေးနွေးမှုအချို့လည်း ရှိခဲ့ပေသည်။

- *ရွေးကောက်ပွဲများ ကျင်းပရန် အချိန်။* ရွေးကောက်ပွဲများ စီစဉ်ကျင်းပမည့် အချိန်ကို သတ်မှတ်ခြင်းသည် အောက်ပါအကြောင်းအရာ နှစ်ရပ်ကြောင့် ထည့်သွင်းစဉ်းစားရမည့် အရေးပါသော အကြောင်းကိစ္စတစ်ရပ် ဖြစ်လာရသည်။ ပထမအနေဖြင့် ဒီမိုကရေစီနည်းကျ ရွေးကောက်ထားသော ခေါင်းဆောင်မှုအောက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနိုင်ရန် အတွက် ရွေးကောက်ပွဲများကို ဦးစွာကျင်းပရန် လိုအပ်ပေသလော သို့မဟုတ် ရွေးကောက်ပွဲ များ ကျင်းပရန်အတွက် အများသဘောတူပြီး တရားဝင်မှုရှိသော အခြေခံမူဘောင်တစ်ရပ် ကိုဖော်ဆောင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဦးစွာရေးဆွဲရန် လိုအပ်ပေသလော ဟူသည့် "ကြက်မနှင့်ကြက်ဥ" အမေးပုစ္ဆာကဲ့သို့ ပြဿနာပင် ဖြစ်သည်။ စင်စစ်တွင် ရွေးကောက်ပွဲ များကို အင်စတီကျူးရှင်း မူဘောင်အသစ်တစ်ခုမရှိဘဲ ကျင်းပနိုင်မည်မဟုတ် ဟူသည့် အကြောင်းပြချက်အားဖြင့် တစ်ခါတရံတွင် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲ ကျင့်သုံးနိုင်သည်။ ကောင်းစွာရေးဆွဲဖွဲ့စည်းချမှတ်ထားသည့် ကြားကာလ ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် ရွေးကောက်ပွဲများအတွက် အများသဘောတူသည့် အခြေခံမူဘောင်တစ်ရပ် ကို ဖန်တီးဖော်ဆောင်ပေးကာ အပြီးသတ်အတည်ပြုပြဋ္ဌာန်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာလုပ်ထုံးလုပ်နည်း အစီအစဉ်များကိုမူ ရွေးကောက်တင်မြှောက်ထားသော အဖွဲ့အစည်း က ရေးဆွဲချမှတ်နိုင်ရန် လမ်းဖွင့်သတ်မှတ်ပေးနိုင်မည့် အခွင့်အလမ်းတစ်ရပ်ပင် ဖြစ်သည်။ ဒုတိယအချက်အနေဖြင့် ရွေးကောက်ပွဲများကို မည်သည့်အချိန်တွင် ကျင်းပနိုင်သည်ဆို သည့်အပေါ်မူတည်၍ ဖွဲ့စည်းပုံအခြေခံဥပဒေညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်သူများသည် မိမိတို့၏ ရပ်တည်ချက်အနေအထားများကို သတ်မှတ်လေ့ရှိသည်။ ရွေးကောက်ပွဲများကို ဆောလျင်စွာကျင်းပပါက ရွေးကောက်ပွဲဆိုင်ရာ မျှော်မှန်းချက်များသည် ယေဘုယျအား ဖြင့် ပိုမိုမြင့်မားအားကောင်းလေ့ရှိပေသည်။ သို့ဖြစ်ရာ ပါဝင်သည့် အဖွဲ့အစည်းတိုင်းက ရွေးကောက်ပွဲတွင် ၎င်းတို့မဲရလဒ် မည်မျှရရှိမည်ဆိုသည့် ထင်မြင်ချက်အပေါ် အခြေခံလျက် ဆွေးနွေးမှုများတွင် ကိုယ်ကျိုးစီးပွားကို ပိုကြည့်သည့် ရပ်တည်ချက်အနေအထားများကို တွေ့ရမည်ဖြစ်သည်။

- *အချိန်ကာလ သတ်မှတ်ခြင်း။* ကြားကာလသည် မည်မျှ ရှည်ကြာသင့်သနည်း။ ဤမေးခွန်းသည် နောက်ခံအခြေအနေပေါ် မူတည်သည်ဖြစ်ရာ ပိုမို၍အတွေ့ရစိပ်လာသည့် သတ်မှတ်ချိန်မမီသည့် ဖြစ်ရပ်များကို ရှောင်ကြဉ်ရန်လုပ်ငန်းကာလကို ရှည်ကြာစွာ သတ်မှတ်သင့်သလော သို့မဟုတ် သဘောတူညီမှုရရှိရေးကို တွန်းအားပေးနိုင်ရန်အလို့ငှာ လုပ်ငန်းကာလကိုလျှော့၍ သတ်မှတ်သင့်သလောဟူသည့် အကြောင်းအရာပေါ်၌ မျှော်မှန်းထားသည့် အတိုင်းပင် အများသဘောတူလက်ခံထားသော ကာလသတ်မှတ်ချက်မရှိပါ။ လုပ်ငန်းကာလသတ်မှတ်ချက်ကို ဆုံးဖြတ်ရာ၌ ထည့်သွင်းစဉ်းစားရမည့် အဓိက နောက်ခံအခြေအနေဆိုင်ရာ အချက်အလက်များတွင် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း သဘောတူညီထည့်သွင်းခဲ့သော လက်တွေ့အခြေအနေလုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၏ နယ်ပယ်အတိုင်းအတာနှင့် အသေးစိတ်ကျမှု အတိုင်းအတာများ၊ သတ်မှတ်ချိန်မမီခြင်း၏ အကျိုးဆက်များ (ဥပမာ - ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်သည့် အဖွဲ့အစည်းကို ဖျက်သိမ်းခြင်းနှင့် ရွေးကောက်ပွဲအသစ်များကျင်းပခြင်း)၊ နိုင်ငံတော်ကိုပြန်လည်ဖွဲ့စည်းတည်ဆောက်ရန် ဖြစ်နိုင်ခြေအနေအထားနှင့် ညှိနှိုင်းဆွေးနွေးမှုများတွင် လွှမ်းမိုးသက်ရောက်မှုပြုနိုင်သည့် ပါတီများ၏အရေအတွက်နှင့် နှိုင်းရအချိုးအစားများ ပါဝင်သည်။
- *စံပြုထည့်သွင်းပြဋ္ဌာန်းသည့် အကြောင်းအရာ။* နိုင်ငံတော်၏မျှော်မှန်းချက်နှင့် စံတန်ဖိုးများအကြောင်း ပြဋ္ဌာန်းဖော်ပြချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အတွေ့ရများသည့် အင်္ဂါရပ်တစ်ခုဖြစ်လာခဲ့သော်လည်း ထိုသို့သော ပြဋ္ဌာန်းချက်များသည် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် မည်သည့်အခန်းကဏ္ဍများမှ ပါဝင်နိုင်/ပါဝင်သင့်သနည်း။ နိုင်ငံ၏ စံတန်ဖိုးများ၊ ခံယူရပ်တည်ချက်များနှင့်စပ်လျဉ်း၍ အပြီးသတ်ဆုံးဖြတ်သတ်မှတ်ရာတွင် ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ဒီမိုကရေစီချို့တဲ့မှုကို အကြောင်းအရင်းတစ်ခုအဖြစ် ထောက်ပြကာ ငြင်းခုံနိုင်သော်လည်း ပါဝင်တက်ရောက်သူများက ထိုသို့သော ပြဋ္ဌာန်းချက်များသည် အချို့သော အခြေအနေများ၌ နောက်ဆက်တွဲရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းများအတွက် ကျယ်ပြန့်သော အခြေခံမူဘောင်ကို ပံ့ပိုးပေးနိုင်ပြီး သက်ဆိုင်ပါဝင်သည့် အဖွဲ့အစည်းအချို့ကို လုပ်ငန်းစဉ်အား သဘောတူလက်ခံရန်အတွက် စည်းရုံးရာ၌ လိုအပ်နိုင်သည်ဟု ယူဆရှုမြင်ကြသည်။

ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ပတ်သက်သည့် မူဝါဒစာတမ်းတစ်ရပ်ကို ရေးသားပြုစုရန်အလို့ငှာ ထပ်ဆောင်းသုတေသနဆောင်ရွက်ရာတွင် အသုံးပြုနိုင်မည့် အခြေခံတစ်ရပ်အဖြစ် အထက်ပါပြဿနာများကို အသုံးချနိုင်မည် ဖြစ်သည်။

# နောက်ဆက်တွဲ ၁ – ဖြစ်ရပ်လေ့လာချက်များ

## *ဘော့စနီးယားနှင့် ဟာဇီဂိုဗီနာနိုင်ငံ*

(David Feldman ဆွေးနွေးတင်ဆက်သည်)

နိုင်ငံတကာ ရှေ့နေများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် အစုအဖွဲ့တစ်ရပ်က ပဋိပက္ခဖြစ်ပွားနေစဉ်ကာလအတွင်း ရေးဆွဲခဲ့သော ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၅ ခုနှစ် ဘော့စနီးယားနှင့် ဟာဇီဂိုဗီနာ ငြိမ်းချမ်းရေးအတွက် ယေဘုယျအခြေခံမူဘောင် သဘောတူညီချက် ('ဒေတန် သဘောတူစာချုပ်') တွင် နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြခဲ့ကြသည်။ ဒေတန် သဘောတူညီချက်၏ ရည်မှန်းချက်မှာ ပဋိပက္ခကိုအဆုံးသတ်ရန်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်တစ်ရပ်လုံးကို ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများအပေါ် အလုံးစုံအခြေခံ၍ တုံ့ပြန်ရေးဆွဲဆောင်ရွက်ခဲ့ကြသည်။ ပဋိပက္ခတွင် ပါဝင်နေသည့်အဖွဲ့များက လက်နက်ချ၍ အတိုက်အခိုက်ရပ်စဲပါမည်ဆိုသည့် အချက်အပေါ်အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များကို ရေးဆွဲထားခြင်းဖြစ်သည်ဟု ဒေတန်သဘောတူစာချုပ် ဆွေးနွေးညှိနှိုင်းသူများက ရှုမြင်ကြသည်။

နိုင်ငံပြေလည်ရေးညှိနှိုင်းဖြေရှင်းချက် ရယူဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေး တည်တံ့ခိုင်မာမှုရှိစေရေးအပေါ် အခြေခံကာ ဆောင်ရွက်ခဲ့ကြပြီး ၎င်းဖြေရှင်းချက်တွင် အာဏာခွဲဝေအုပ်ချုပ်မှုအပေါ်အခြေခံသည့် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံကို သတ်မှတ်ပေးထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဘော့စနီးယားနှင့် ဟာဇီဂိုဗီနာ ဗဟိုနိုင်ငံကိုတည်ထောင်ကာ အဖွဲ့ဝင်နိုင်ငံနှစ်ခုဖြစ်သည့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီနာ ဖက်ဒရေးရှင်း (FBiH) နှင့် ဆရပ်ဆကာ သမ္မတနိုင်ငံ (RS)ထံ လေးနက်ပြည့်ဝသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အာဏာများကို အပ်နှင်းထားသည်။ ဆာဘီးယားလူမျိုးများနှင့် ခရုတ်လူမျိုးများက အင်အားတောင့်တင်း (ကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် မြင့်မားစွာရှိ) သော အဖွဲ့ဝင်နိုင်ငံများပါရှိသည့် အားနည်းသော ဗဟိုနိုင်ငံအဖြစ် ဖွဲ့စည်းထားရှိရန် မျှော်မှန်းကြသော်လည်း ဘော့စနီးယားလူမျိုးများနှင့် နိုင်ငံတကာ ရှေ့နေများအနေဖြင့်မူ ဗဟိုနိုင်ငံသည် နယ်မြေခွဲထွက်ခြင်းများကို ခေတ်ပြောင်းတိုးတက်သော အမြင်နည်းဟန်ဖြင့် ဖြေရှင်းကျော်လွှားနိုင်မည့် နည်းလမ်းတစ်ရပ် ဖြစ်သည်ဟု ရှုမြင်ခဲ့ကြသည်။ အလားတူပင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးမှ တရားသူကြီးများကိုလည်း နိုင်ငံတကာမှ သုံးဦး၊ နိုင်ငံသား သုံးဦး၊ RS မှ နှစ်ဦးနှင့် FBiH မှ (ခရုတ်လူမျိုး နှစ်ဦးနှင့် ဆာဘီးယားလူမျိုးနှစ်ဦးဟု သတ်မှတ်၍) လေးဦးဟူ၍ တိုင်းရင်းသားလူမျိုးများအလိုက် ခွဲခြားထားပါသည်။ ဤတရားသူကြီးကိုးဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်းကဏ္ဍနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ တရားရုံးအနေဖြင့် တာဝန်ယူဆောင်ရွက်ရမည့် အခန်းကဏ္ဍအပေါ် လွန်စွာ

ကွဲပြားခြားနားသည့် သဘောထားအမြင်များ ရှိခဲ့သည်။ ဥပမာ နိုင်ငံတကာ တရားသူကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရှေ့နေများအဖြစ် ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံသား အသိုက်အဝန်း၏ ဆန္ဒကို အတည်ပြုပေးရန်သာတာဝန်ရှိသည်ဟု နိုင်ငံသား တရားသူကြီးများက ကနဦးတွင် မျှော်မှန်းခဲ့ကြသည်။

ငြိမ်းချမ်းရေးအစီအစဉ်များ ဖော်ဆောင်ရန်ကြိုးပမ်းရာတွင် မအောင်မြင်မှုများကို ဆက်တိုက်ကြုံတွေ့ရပြီးနောက် နိုင်ငံတကာလုပ်ဆောင်သူများ စီစဉ်ပြင်ဆင်ပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညှိနှိုင်းသဘောတူညီချက်အတွက် ညှိနှိုင်းဆွေးနွေးရာတွင် ပါဝင်ရန်အလို့ငှာ ပဋိပက္ခ၌ ပါဝင်သူများကို လွန်းပျံ သံခင်းတမန်ခင်း (Shuttle Diplomacy) အသုံးပြု၍ ဖိတ်ခေါ်ခဲ့ပါသည်။ ဤသို့ဖြေရှင်းရာတွင်လည်း တင်းမာမှုပေါ်ပေါက်လာပါသည် - ခရုတ် လူမျိုးများသည် နိုင်ငံခွဲနှစ်ရပ်အဖြစ် သတ်မှတ်သည့် ဖြေရှင်းနည်းကို သဘောတူကျေနပ်ခြင်းမရှိဘဲ ၎င်းတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် မပိုင်ဆိုင်သည့် တစ်ခုတည်းသောလူမျိုးအဖြစ် ခွဲခြားဆက်ဆံခံရသည်ဟု ယုံကြည်ရှုမြင်လာကြပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းအနက်ဖွင့်ထားကာ၊ စုစုပေါင်းလူဦးရေ၏ ၁၂-၁၅ ရာခိုင်နှုန်းခန့် အရေအတွက်ဟု ယူဆသတ်မှတ်ထားသော 'အခြားလူမျိုးများ' (မျိုးနှောအိမ်ထောင်များတွင် မွေးဖွားလာသည့် ကလေးများ၊ ဂျူးလူမျိုးများ၊ ရောမလူမျိုးများ၊ အယ်လ်ဘေးနီးယား လူမျိုးများ) အပေါ် ခွဲခြားဆက်ဆံခြင်း မြောက်၊ မမြောက်ဟူသည့် ပြဿနာလည်း ကျန်ရှိနေပါသည်။

ဒေတန် သဘောတူညီချက်သည် လက်နက်ကိုင်ပဋိပက္ခကို ရပ်တန့်ရန် အောင်မြင်မှုရရှိခဲ့သော်လည်း ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့သုံးဖွဲ့အနက် မည်သည့်အဖွဲ့ကမျှ နယ်မြေနှင့် နိုင်ငံရေးဆိုင်ရာ စီစဉ်သတ်မှတ်မှုများအပေါ် စိတ်ကျေနပ်ခြင်းမရှိခဲ့ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို သဘောတူညီချက်စာချုပ်တစ်ရပ်၏ နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြထားပြီး (ထိုအချိန်မှစတင်၍ ယခုကာလအထိ တစ်ကြိမ်တည်းသာ ဆောင်ရွက်ထားသော မွမ်းမံပြင်ဆင်ချက်မှအပ) အင်္ဂလိပ်ဘာသာစကားဖြင့်သာ ရေးဆွဲပြဋ္ဌာန်းထားခြင်းကလည်း အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားဝင်မှု ပြဿနာကို ပိုမိုရှုပ်ထွေးစေသည်။ ယခုအချိန်ထိ ကွဲပြားနေဆဲဖြစ်သော ဒေသန္တရဘာသာစကားသုံးခုရှိပြီး ဒေသခံခေါင်းဆောင်များက ၎င်းတို့၏ရာထူးနေရာများ တည်မြဲခိုင်မာစေရန်အလို့ငှာ ကွဲပြားခြားနားချက်များကို အလေးပေးဖော်ပြရန်အတွက် အဆိုပါ ဘာသာစကားများကိုအသုံးပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုမူ ၎င်းဘာသာစကားများဖြင့် တစ်ကြိမ်တစ်ခါမျှ တရားဝင်ဘာသာပြန်ဆိုထားခြင်း မရှိပေ။ ညှိနှိုင်းသဘောတူညီချက် ဆွေးနွေးချမှတ်ရာတွင် ယခင် ယူဂိုဆလားဗီးယား ပြည်ထောင်စုနှင့် အဖွဲ့ဝင်သမ္မတနိုင်ငံများ၏ ဥပဒေရေးရာနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစနစ်များကို လုံလောက်ပြည့်စုံစွာ ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ (ဥပမာ - သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ဆောင်ရွက်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးကို လျစ်လျူရှုခြင်း) ထို့အတူပင် ဘယ်လ်ကန်လူမျိုးများ၏ သမိုင်းအဆက်ဆက် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည့် တိုင်းရင်းသား-လူမျိုး အခြေပြု ကွဲပြားခြားနားချက်များကိုလည်း ကောင်းစွာထည့်သွင်းစဉ်းစားခဲ့ခြင်း မရှိပေ။ ထို့ကြောင့် ဒေတန် သဘောတူစာချုပ်သည် နိုင်ငံတကာအသိုက်အဝန်းမှ ဩဇာအာဏာရှိ ပါဝင်ဆောင်ရွက်သူများက

အသိအမှတ်ပြု လက်ခံသည့် စိတ်ကူးနိုင်ငံတော်တစ်ရပ်ကို ပေါ်ပေါက်စေခဲ့ပြီး ၎င်းသည် နယ်မြေများ ထပ်မံခွဲထွက်ခြင်းမရှိစေရေးအတွက် ဂုဏ်ယူဖွယ်အချက်ဖြစ်ခဲ့သည်။ ၁၉ နှစ် ကြာပြီးနောက် လက်ရှိပစ္စုပ္ပန်ကာလတွင် နိုင်ငံတွင်းလူဦးရေ ထက်ဝက်နီးပါးခန့်သည် နိုင်ငံတော်တည်ရှိစေရန် ဆန္ဒမရှိကြတော့ပေ။

လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး (ECHR) သည် Sejdi & Finci v. Bosnia နှင့် Herzegovina အမှု (၂၀၀၉) တွင် ပဋိပက္ခဖြစ်ပွားခြင်းကို ကြိုတင်ဟန့်တားရန်အတွက် တိုင်းရင်းသားလူမျိုးအခြေပြု အာဏာခွဲဝေကျင့်သုံးရေး နည်းဟန်ပုံစံကို အသုံးပြုဆောင်ရွက်ရန် လိုအပ်ခြင်း မရှိတော့ကြောင်း စီရင်ချက်ချမှတ်ခဲ့ပြီး ထိုစီရင်ချက်ကြောင့် ၎င်းနည်းဟန်ပုံစံသည် ဖွဲ့စည်းပုံအခြေခံဥပဒေက စောင့်ရှောက်ကာကွယ်ထိန်းသိမ်းရန် ကတိကဝတ်ပြုထားသည့် လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ရာကျသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ရှုထောင့်အမြင်အရ ၎င်း၏လုပ်ပိုင်ခွင့်အာဏာသည် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဆင်းသက်လာခြင်းဖြစ်ပြီး ၎င်းတာဝန်ယူဆောင်ရွက်ရမည့် အခန်းကဏ္ဍမှာမူ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ အသက်ဝင် စိုးမိုးစေရန်အလို့ငှာ ဆောင်ရွက်ရန်ဖြစ်သည်။ ECHR အမှုကြောင့် သက်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များ၏ ဝါစဉ်ကြီးငယ် သတ်မှတ်ပုံနှင့်စပ်လျဉ်း၍ ဆွေးနွေးငြင်းခုံမှုများ ပေါ်ပေါက်လာပြီး နောက်ဆက်တွဲအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရန် ဖြစ်နိုင်ခြေကိုလည်း ပေါ်ထွန်းလာစေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ခွဲခြားဆက်ဆံမှုမပြုရေး ပြဋ္ဌာန်းချက်သည် ပြဋ္ဌာန်းစာသားအချင်းချင်း ကွဲလွဲဆန့်ကျင်မှုရှိနေကြောင်း လှစ်ဟညွှန်ပြနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အစိတ်အပိုင်းတစ်ရပ်သည် အခြားသော တစ်စိတ်တစ်ပိုင်းနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိဟု သတ်မှတ်ခြင်း ပြုနိုင်၊ မပြုနိုင်နှင့်စပ်လျဉ်းသည့် မေးခွန်းပြဿနာများကို ပေါ်ပေါက်လာစေသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ECHR ၏ စီရင်ဆုံးဖြတ်ချက်သည် အခြားဥပဒေများအားလုံးကိုကျော်လွန်၍ တိုက်ရိုက်အသက်ဝင်ကာ ဦးစားပေးလိုက်နာရမည်ဟု (အပိုဒ် ၂.၂) ပြဋ္ဌာန်းဖော်ပြထားသောကြောင့် သဘောတရားအရ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဝါစဉ်ပိုမိုမြင့်မားသည့် စံတန်ဖိုးသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်ဟု ညွှန်းဆိုဖော်ပြခြင်း ဖြစ်သည်ဟု ယူဆနိုင်သည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၆ တွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် နိုင်ငံတော်ဥပဒေများနှင့် ECHR ၏ စီရင်ဆုံးဖြတ်ချက်များအကြား သဟဇာတဖြစ်ကိုက်ညီမှုနှင့် ဆက်စပ်သည့် အရေးကိစ္စရပ်များကို စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိကာ ၎င်း၏ စီရင်ဆုံးဖြတ်ချက်သည် အပြီးသတ်အတည်ဖြစ်၍ လိုက်နာရန် စည်းနှောင်မှုရှိစေရမည်ဟု ပြဋ္ဌာန်းဖော်ပြထားသည်။

## *အရှေ့တီမောနိုင်ငံ*

(Aderito de Jesús Soares ဆွေးနွေးတင်ဆက်သည်)

အင်ဒိုနီးရှားနိုင်ငံထံမှ လွတ်လပ်ရေးရယူရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတစ်ရပ်ကို ကျင်းပပြီး နှစ်နှစ်အကြာတွင် ရွေးချယ်တင်မြှောက်ထားသည့် အဖွဲ့ဝင် ၈၈ ဦးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ရေးအဖွဲ့သည် နိုင်ငံ၏ပထမဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေကို အချိန်အလွန်တိုတောင်းသော လုပ်ငန်းကာလ (လုပ်ငန်းရက်ပေါင်း ၆၀) အတွင်း ရေးဆွဲခဲ့သည်။ အရှေ့တီမောနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အသွင်ကူးပြောင်းကာလ စီမံအုပ်ချုပ်ရေးအဖွဲ့သည် အဆိုပါကာလအတွင်း ကြားကာလ ပြည်သူ့စီမံအုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ကာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်သည့်လုပ်ငန်းစဉ်ကို ကွပ်ကဲခဲ့သည်။ ဆက်လက်ဆောင်ရွက်ရန် ကောင်းမွန်သင့်လျော်မှုအရှိဆုံး နည်းလမ်းနှင့်စပ်လျဉ်း၍ မတူကွဲပြားသော အယူအဆအမြင်များ ရှိခဲ့ပြီး (နောင်တွင် ပါလီမန်အဖြစ် အသွင်သဏ္ဌာန်ပြောင်းကာ တာဝန်ယူမည့်) ရွေးကောက်တင်မြှောက်ခံ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ရေးအဖွဲ့ကိုအသုံးပြုရန် ကုလသမဂ္ဂ ကိုယ်စားလှယ်များက သဘောတူ ထောက်ခံခဲ့သော်လည်း အရှေ့တီမောနိုင်ငံမှ အချို့သူများအနေဖြင့်မူ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ညီလာခံတစ်ရပ်ကို စီစဉ်ကျင်းပဆောင်ရွက်ရန် သဘောဆန္ဒရှိခဲ့ကြသည်။ ညှိနှိုင်းဆွေးနွေး သဘောတူညီချက်ရယူခြင်းကို အချိန်ကြာမြင့်ခြင်းမရှိဘဲ ဆောင်ရွက်ရန်ဆန္ဒရှိသည့် အလျောက် အပြီးသတ်ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့သည်။ အရှေ့တီမောနိုင်ငံသားများအနေဖြင့်မူ အင်ဒိုနီးရှားနိုင်ငံထံမှ လွတ်လပ်ရေးကို အခြေခိုင်မာစေရန် ပုံဖော်ဆောင်ရွက်လိုသည့်ဆန္ဒ မြင့်မားပြီး ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ချမှတ်ထားရှိခြင်းကြောင့် 'ကြားကာလနိုင်ငံ' ဖြစ်သည်ဟု အနက်ထွက်မည်ကို စိုးရိမ်ကြသဖြင့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ချမှတ်ကျင့်သုံးမည့် နည်းလမ်းကို နှစ်ခြိုက်မှု မရှိခဲ့ကြပေ။ သို့ရာတွင် ကုလသမဂ္ဂ ပြည်သူ့စီမံအုပ်ချုပ်ရေးမရှိပါက နိုင်ငံတော်အင်စတီကျူးရှင်းများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ရန်အတွက် အချိန်အတိုင်းအတာတစ်ခုရရှိနိုင်ရန်အလို့ငှာ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ချမှတ်ကျင့်သုံးရန် လိုအပ်ကောင်းလိုအပ်နိုင်ခဲ့ပေမည်။

ပြန်လည်တွေးဆကြည့်ရသော် ပြည်သူလူထု ပါဝင်ဆောင်ရွက်မှုမရှိခြင်းသည် အမှန်တကယ် အကောင်းမွန်ဆုံး နည်းလမ်းမဟုတ်သော်ငြား ၎င်းကာလ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ရေးအဖွဲ့အတွင်း ခိုင်မာကောင်းမွန်သော ဆက်ဆံရေးရှိခဲ့ကြပြီး (အဓိက နိုင်ငံရေးပါတီဖြစ်သည့် FREITLIN သည် အင်အားတောင့်တင်းခိုင်မာသော်လည်း) နိုင်ငံရေးပါတီငယ်အချို့သည် လုပ်ငန်းစဉ်တွင် သိသိသာသာ ပါဝင်အကြံပြုဆောင်ရွက်နိုင်ခဲ့ကြသည်။ သို့သော် ရေးဆွဲချမှတ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် အခန်းပြင်ပတွင်မူ ဤဆက်ဆံရေးကို လွယ်လင့်တကူ တွေ့မြင်ရခြင်းမရှိပေ။ သို့ရာတွင် ထိုကာလ၌ FREITLIN သည် ပြည်သူလူထု ထောက်ခံမှုဖြင့် တရားဝင်မှုကို အခိုင်အမာရရှိထားပေရာ ဤသို့ရရှိထားခြင်းက ပြည်သူလူထုနှင့် ဆွေးနွေးတိုင်ပင်မှုမရှိခြင်းကို အတိုင်းအတာတစ်ခုအထိ ပြန်လည်အစားထိုးဖြည့်ဆည်းနိုင်ခဲ့သည်ဟု သတ်မှတ်နိုင်သည်။ ပဋိပက္ခအလွန် အရှေ့တီမောနိုင်ငံ၏ နောက်ခံအခြေအနေတွင် ပြည်သူ့နီတိနှင့်စပ်လျဉ်း၍ သိရှိနားလည်မှု အလွန်အမင်းနိမ့်ပါးနေသောကြောင့် ပြည်သူလူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ

ဆွေးနွေးဝိုင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ခြင်းမပြုမီ အကြိုလုပ်ငန်းစဉ်အဖြစ် စူးစူး စိုက်စိုက် ဆောင်ရွက်ခြင်းသာမက စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ခြင်း ပြုခဲ့သင့်သည်။

၂၀၀၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အဓိကကျသော အချက်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်း ချက်များ ခေတ်မီခြင်းမရှိတော့ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်စနစ်ကို အပြည့်အဝ ရေးဆွဲ ဖော်ပြထားခြင်း မရှိသောကြောင့် (ဥပမာဖော်ပြရသော် ရှေ့နေရှေ့ရပ်ငှားရမ်းရရှိပိုင်ခွင့်ကို အနက် ဖွင့်ဖော်ပြရာတွင် ပြည့်စုံလုံလောက်မှု မရှိသဖြင့်) နိုင်ငံတော်တရားရုံးများအစား ဓလေ့ထုံးတမ်း တရားရုံးများကို ပြန်လည်အသုံးပြုလျက် ရှိကြသည်။ ယခုအခါတွင် နိုင်ငံတကာရှေ့နေ အမြောက် အများအနေဖြင့် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်၏ တရားဝင်မှုကို အထောက်အကူ ဖြစ်စေမည့် ပိုမို၍ဆွေးနွေးညှိနှိုင်းမှုရှိပြီး ပြီးပြည့်စုံသောလုပ်ငန်းစဉ်ကို လမ်းဖွင့်ပေးရန်အလို့ငှာ နှစ်နှစ် သို့မဟုတ် သုံးနှစ်ကြာ အသက်ဝင်စိုးမိုးမည့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ချမှတ် ကျင့်သုံးခဲ့ပါက အကျိုးရလဒ်ကောင်းများ ရရှိနိုင်ခဲ့မည်ဟု ယုံကြည်လက်ခံကြသည်။

## *ကမ္ဘောဒီးယားနိုင်ငံ*

(Christie Warren ဆွေးနွေးတင်ဆက်သည်)

ကမ္ဘောဒီးယားနိုင်ငံ၏ နှစ်ရှည်လများအချိန်ကြာမြင့်ပြီး တိုးတက်ပြောင်းလဲမှုအဟုန် နည်းပါး သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံတကာမှ ပါဝင်လုပ်ဆောင်သူများအနေဖြင့် နက်ရှိုင်းစွာ ပတ်သက်ပါဝင် ဆောင်ရွက်ခဲ့သည်။ ညှိနှိုင်းဆွေးနွေး သဘောတူညီချက် ရယူချမှတ်နိုင်ရန်အလို့ငှာ ဆယ်စုနှစ်တစ်ခုနီးပါးအချိန်ယူကာ အကြိမ်ကြိမ်ဆောင်ရွက်အားထုတ်ပြီးနောက် နောက်ဆုံးအပြီးသတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကုလသမဂ္ဂအဖွဲ့က ကမကထပြုဦးစီးခဲ့သည့် ပါရီမြို့ ငြိမ်းချမ်းရေး ညီလာခံဖြင့် အစပြုခဲ့သည်။ ပါရီမြို့ သဘောတူညီချက်များတွင် အပစ်အခတ်ရပ်စဲရေး သဘောတူ ညီချက်နှင့် ကမ္ဘောဒီးယားနိုင်ငံ အသွင်ကူးပြောင်းကာလဆိုင်ရာ ကုလသမဂ္ဂ အာဏာပိုင်အဖွဲ့၏ လမ်းညွှန်မှုဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းမှု ဖော်ဆောင်ရန်အတွက် လမ်းပြမြေပုံတို့ ပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရက်ပေါင်း ၉၀ အတွင်း ဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ရေးအဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ကာ အပြီးသတ်အတည်ပြု ကျင့်သုံးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်း၍ နောက်ဆုံးအနေဖြင့် အဆိုပါ ရေးဆွဲချမှတ်ရေးအဖွဲ့ကို ပါလီမန်လွှတ်တော်အဖြစ် အသွင်သဏ္ဌာန်ပြောင်းလဲရန် တာဝန် ပေးအပ်ခဲ့သည်။

ပါရီမြို့ ငြိမ်းချမ်းရေးသဘောတူညီချက်၏ နောက်ဆက်တွဲတစ်ခုတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တစ်ရပ်အတွက် အခြေခံမူများကို ပြဋ္ဌာန်းဖော်ပြထားပြီး ၎င်းအခြေခံမူများတွင် ရွေးကောက်ပွဲ များ ပုံမှန်ကျင်းပကာ အခြေခံအခွင့်အရေးများဥပဒေကို ပြဋ္ဌာန်းပြီး ဗဟုဝါဒ လစ်ဘရယ် ဒီမိုကရေစီ စနစ်ကိုဖော်ဆောင်ရန် ကတိကဝတ်ပါဝင်သည်။ သို့ရာတွင် ငြိမ်းချမ်းရေးသဘောတူညီချက်၌ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များ ထည့်သွင်းဖော်ပြ ထားခြင်း မရှိသလောက်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ရေးအဖွဲ့ကို ရွေးကောက်တင်

မြှောက်ရန်မှအပ မည်သူတို့ကရေးဆွဲရမည်နှင့်ဆက်စပ်၍ စိုးစဉ်းမျှဖော်ပြထားခြင်း မရှိပေ။ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို အမြောက်အများ ထည့်သွင်း ပြဋ္ဌာန်းထားသော်လည်း ဆယ်စုနှစ်များတိုင်အောင် ပဋိပက္ခများဖြစ်ပွားကြုံတွေ့ပြီးနောက် နိုင်ငံ အနေဖြင့် အဆိုပါအခွင့်အရေးများကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ရန် လုံလောက်သော အင်စတီကျူးရှင်းဆိုင်ရာ စွမ်းဆောင်ရည်ကို ပိုင်ဆိုင်ထားခြင်းမရှိပေ။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ရေးအဖွဲ့က ခန့်အပ်ထားသည့် အဖွဲ့ဝင် ၁၂ ဦးပါ ကော်မတီက တာဝန်ယူဆောင်ရွက်ပြီး အင်အားတောင့်တင်းခိုင်မာသည့် နိုင်ငံရေးပါတီနှစ်ခုက ဦးဆောင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ခြင်းလုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှု မရှိခဲ့ ပေ။ ပြည်သူလူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်း မရှိသည့်အပြင် တရားဝင်မှုကိုအကြီးအကျယ် ထိခိုက် စေသည့် အခြားသော အချက်တစ်ချက်မှာ 'မူကြမ်း၏အခန်းကဏ္ဍ' ဖြစ်သည်။ ကနဦးတွင် မူကြမ်း အချို့ကို ဖြန့်ဝေခြင်းပြုခဲ့သော်လည်း ထို့နောက်တွင် ဘုရင့်သားတော်၏ မူကြမ်းတစ်ခုကို ရေးဆွဲ ချမှတ်ခဲ့သည်။ နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေး ငြင်းခုံမှုသည် နိုင်ငံရေးအသွင်ဆောင်လာပြီး ဘက်နှစ်ဘက်အကြား ရွေးချယ်မှုအဖြစ် ပြောင်းလဲကာ ရှင်ဘုရင်ကို ထောက်ခံသည် သို့မဟုတ် ဆန့်ကျင်သည်ကို ရွေးချယ်ရသည့် မေးခွန်းတစ်ရပ်အဖြစ် နိမ့်ဆင်း လျော့ကျသွားခဲ့သည်။ အဆိုပါကာလရှိ နိုင်ငံရေးအခြေအနေများအရ ရှင်ဘုရင်ကို အတိုက် အခံပြုခြင်းသည် အခြေခံအားဖြင့် စင်ကြယ်မြင့်မြတ်သည့်ဖြစ်တည်မှုကို စော်ကားခြင်းပင် ဖြစ်သည် ဟု သတ်မှတ်ရှုမြင်ခဲ့ကြသည်။

## *အီဂျစ်နိုင်ငံ*

(Yussef Auf ဆွေးနွေးတင်ဆက်သည်)

သမ္မတ မူဘာရက်ကို ဖြုတ်ချပြီး နှစ်ရက်အကြာတွင် လက်နက်ကိုင်တပ်ဖွဲ့များ ကောင်စီချုပ် (SCAF) က ၁၉၇၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား မွမ်းမံပြင်ဆင်ချက်များကိုရေးဆွဲရန် အဖွဲ့ဝင် ၈ ဦးပါ ကော်မတီတစ်ရပ်ကို ခန့်အပ်ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာစာတမ်း (၂၀၁၁ ခုနှစ်၊ မတ် ၃၀) တွင် သမ္မတနှင့် ပါလီမန်လွှတ်တော် ရွေးကောက်ပွဲများကျင်းပရန် လမ်းပြ မြေပုံကို ထည့်သွင်းဖော်ပြခဲ့သည်။ ရွေးကောက်ပွဲများ ကျင်းပပြီးနောက်တွင် အီဂျစ်အာရပ်သမ္မတ နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၂၆) ကို အဖွဲ့ဝင် ၁၀၀ ဦးပါ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲချမှတ်ရေးအဖွဲ့က မူကြမ်းရေးဆွဲခဲ့ပြီး အဆိုပါလုပ်ငန်းစဉ်တွင် အစ္စလာမ်မစ်များနှင့် အစ္စလာမ်မစ် မဟုတ်သူများအကြား သဘောထားမတိုက်ဆိုင်မှုများ အမြောက်အများ ပေါ်ပေါက် လာခဲ့သည်။ စစ်အာဏာသိမ်းကာ သမ္မတ မော်စီကို ဖြုတ်ချပြီး ၂၀၁၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ကို ဖျက်သိမ်းပြီးနောက် ခန့်အပ်ဖွဲ့စည်းခဲ့သည့် ကော်မတီတစ်ရပ်က လက်ရှိ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့သည်။

သဘောထားမတိုက်ဆိုင်မှု အပြင်းအထန် ပေါ်ပေါက်စေခဲ့သည့် အချက်တစ်ချက်မှာ ရွေးကောက်ပွဲများကျင်းပခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ခြင်းကို ရှေ့နောက်စီစဉ်

သတ်မှတ်မှု ဖြစ်သည်။ ရွေးကောက်ပွဲများကို ဦးစွာကျင်းပခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်၏ ယုံကြည်လက်ခံနိုင်ဖွယ်ဖြစ်မှုကို ထိခိုက်စေမည်ဟု ကနဦးတွင် ရှုမြင်ခဲ့ကြပြီး အကြောင်းရင်းမှာ ထိုသို့စီစဉ်လုပ်ဆောင်ပါက ဆွေးနွေးပြောဆိုမှုများဆောင်ရွက်ရာတွင် ပါတီနိုင်ငံရေး စိမ့်ဝင်လွှမ်းမိုးသောကြောင့် ဖြစ်ပါသည်။ ရွေးကောက်ပွဲများ ဦးစွာကျင်းပခဲ့သည့် အကြောင်းရင်းမှာ အဓိကအားဖြင့် မူဆလင်ညီအစ်ကိုများအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ရေးအဖွဲ့ကို ရွေးချယ်တင်မြှောက်မည့် ပါလီမန်လွှတ်တော်အား လွှမ်းမိုးခြယ်လှယ်ရန် အခွင့်အလမ်းကို တွေ့မြင်ခဲ့သောကြောင့် ဖြစ်ပါသည်။

အီဂျစ်နိုင်ငံ၏ တော်လှန်ရေးအလွန် ဆွေးနွေးငြင်းခုံမှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အကြောင်းအရာများနှင့် ဆက်စပ်ပတ်သက်ခြင်းမရှိဘဲ နိုင်ငံရေးပါတီ သစ္စာခံမှုများအကြောင်းကို သာဆွေးနွေးခဲ့ပြီး ဤအခြေအနေကြောင့် လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို များမကြာမီပင် မွမ်းမံပြင်ဆင်ရန် လိုအပ်လာနိုင်သည်။ ၂၀၁၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ရှုရာကောင်စီကို ဖျက်သိမ်းခဲ့ပြီး သမ္မတလုပ်ပိုင်ခွင့်အာဏာများ၏ နယ်ပယ်အတိုင်းအတာကို သိသာထင်ရှားစွာချဲ့ထွင်ပေးခဲ့သည်။ လုပ်ပိုင်ခွင့်အာဏာကို အများအားဖြင့် ဆက်လက်၍ ဗဟိုချုပ်ကိုင်ထားပြီး ဒေသန္တရအစိုးရများခန့်အပ်ရန် လုပ်ထုံးလုပ်နည်းများကိုလည်း ရေးဆွဲသတ်မှတ်ပေးခြင်းမရှိသလောက် ဖြစ်သည်။

ပြည်သူအမြောက်အမြားပါဝင်ပြီး အကြိမ်ကြိမ်ပေါ်ပေါက်ခဲ့သည့် လူထုဆန္ဒဖော်ထုတ်မှုများကြောင့် ဖြစ်ပေါ်သည့် အသွင်ကူးပြောင်းခြင်းဖြစ်လင့်ကစား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များတွင် အားလုံးအကျုံးဝင် ပါဝင်မှုမရှိပေ။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ မွမ်းမံပြင်ဆင်ချက်များရေးဆွဲရန် အဖွဲ့ဝင် ၁၀ ဦးပါ ပညာရှင်ကော်မတီက အချိန်တစ်လရရှိခဲ့ပြီး ထို့နောက်တွင် အချိန်နှစ်လအတွင်း အပြီးသတ်ဆောင်ရွက်ရန် လုပ်ငန်းကာလ သတ်မှတ်ချက်ဖြင့် အဖွဲ့ဝင် ၅၀ ဦးပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ရေး ကော်မတီက လက်လွှဲပြောင်းရယူခဲ့သည်။ ဒုတိယကော်မတီတွင် အစ္စလာမ်မစ်များကို ကိုယ်စားပြုပါဝင်ခြင်းမရှိဟု ရှုမြင်ခဲ့ကြသည်။ အဓိက ပြဋ္ဌာန်းချက်သုံးမျိုးအနက် တစ်မျိုးစီတိုင်းအတွက် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့သော်လည်း ဆန္ဒမဲလာရောက်ပေးသည့် အရေအတွက်မှာ အမြဲတစေပင် ၅၀ ရာခိုင်နှုန်းအောက်သာ ရှိခဲ့သည်။

တရားဝင်မှုနှင့်စပ်လျဉ်း၍ SCAF သည် တော်လှန်ရေးပြီးမြောက်စကာလတွင် ပြည်သူလူထုအားပေးထောက်ခံမှုကို အခိုင်အမာရရှိခဲ့ပြီး မူဘာရက်ကိုဖြုတ်ချရန် ဘုံဦးတည်ကြိုးပမ်းချက်သည် နိုင်ငံရေးအရစည်းလုံးမှုတစ်ရပ်ကို ပေါ်ပေါက်လာစေခဲ့သည်။ သို့ရာတွင် ရက်သတ္တပတ် အနည်းငယ်အတွင်း၌ပင် ကွဲထွက်မှုများပေါ်ပေါက်လာပြီး ယခုထက်တိုင်ဖြစ်ပွားနေဆဲဖြစ်သည်။ အီဂျစ်နိုင်ငံသားအမြောက်အများက ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ရွေးကောက်ပွဲများ မကျင်းပမီဆောင်ရွက်ခဲ့သင့်ပြီး ရွေးကောက်ပွဲများကို ဦးစွာ ကျင်းပခြင်းသည် ပြည်သူလူထုကို လမ်းမပေါ်ထွက်ရန် ကနဦးတွန်းအားပေးခဲ့သည့် အရေးပြဿနာရပ်များကို ဖြေရှင်းနိုင်ခြင်းမရှိသည့် အလွန်အမင်းနိုင်ငံရေးဆန်သော လုပ်ငန်းစဉ်အဖြစ် ပြောင်းလဲသွားစေခဲ့သည်ဟု ယုံကြည်ထားကြသည်။

ဤသို့ခံစားရခြင်းကြောင့် တရားရေးမဏ္ဍိုင်၏ အခန်းကဏ္ဍသည် ပို၍အရေးပါလာခဲ့သည်၊

မူဘာရက်ခေတ်အလွန် နိုင်ငံရေးလေဟာနယ်တွင် အစိုးရများ အဆက်ဆက်သည် ပြည်သူလူထု၏ တောင်းဆိုချက်များ (ဥပမာ အခြေခံ လုပ်အားခများ တိုးမြှင့်ခြင်းနှင့် အခြားသော အဓိကကျသည့် စီးပွားရေးဆိုင်ရာ အရေးပြဿနာရပ်များ) ကို ဖြေရှင်းဖြည့်ဆည်းပေးနိုင်ခြင်း မရှိခဲ့ပေ။ ရလဒ်အနေဖြင့် ပြည်သူလူထုသည် တရားရုံးတော်များ၏ ကူညီဖြေရှင်းပေးမှုကို တောင်းခံခဲ့ကြရသည်။ ထို့အပြင် နိုင်ငံရေးအင်အားစုများအနေဖြင့် ၎င်းတို့အကြားရှိ ကွဲပြားခြားနားချက်များကို ခန့်ခွဲဖြေရှင်းနိုင်စွမ်း မရှိခြင်းကြောင့် တတိယအဖွဲ့အစည်း၏ ပါဝင်ပတ်သက်ဆောင်ရွက်မှုကို လိုအပ်လာခဲ့သည်။ ဤအချက်နှင့်စပ်လျဉ်း၍ မြင်သာသည့် ဥပမာတစ်ရပ်မှာ ၂၀၁၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန်အတွက် ပထမဆုံး ရွေးချယ်ခန့်အပ်ထားရှိခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲချမှတ်ရေးအဖွဲ့ကိုဖျက်သိမ်းခြင်းဖြစ်ပြီး စီမံအုပ်ချုပ်ရေးဆိုင်ရာ တရားရေးရုံးတော်က ၎င်းအဖွဲ့သည် အီဂျစ်ပြည်သူများကို ကိုယ်စားပြုခြင်းမရှိဟု သတ်မှတ်ကြေညာခဲ့သည်။

## *ကိုဆိုဗိုနိုင်ငံ*

(Pieter Feith ဆွေးနွေးတင်ဆက်သည်)

ကိုဆိုဗို လွတ်မြောက်ရေးတပ်နှင့် ဆာဘီးယား လုံခြုံရေးတပ်ဖွဲ့များ၊ ယူဂိုဆလားဗီးယား စစ်တပ်အကြား လက်နက်ကိုင်ပဋိပက္ခအပြီးတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၂၄၄ (၁၉၉၉ ခုနှစ်၊ ဇွန် ၁၀) ဖြင့် ကိုဆိုဗိုနိုင်ငံ စီမံအုပ်ချုပ်ရေးအတွက် အခြေခံမူဘောင်တစ်ရပ်ကို ချမှတ်ပြဋ္ဌာန်းကာ ကိုဆိုဗိုနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကြားကာလစီမံအုပ်ချုပ်ရေး တာဝန်အဖွဲ့ (UNMIK) နှင့် နေတိုးတပ်ဖွဲ့၏ ကိုဆိုဗိုနိုင်ငံဆိုင်ရာတပ်ဖွဲ့ (KFOR) ဟူသည့် နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် စစ်ဘက်ရေးရာလုပ်ငန်းများ ဝင်ရောက်ဆောင်ရွက်မှုကို ခွင့်ပြုပေးခဲ့သည်။ ဤဆောင်ရွက်ချက်သည် အသွင်ကူးပြောင်းခြင်း၏ မူလအစဖြစ်သည်။ ကိုဆိုဗိုနိုင်ငံ၏ တရားဝင်ရပ်တည်နိုင်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းမှုများ မဆောင်ရွက်မီ UNMIK သည် နိုင်ငံအနေဖြင့် ကိုယ်ပိုင်စီမံအုပ်ချုပ်ခြင်းကို ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အင်စတီကျူးရှင်းများ တည်ထောင်ခြင်းကို အလေးပေးခဲ့ပြီး စံနှုန်းများ၊ ခေါင်းဆောင်မှုနှင့် လူမှုအဖွဲ့အစည်းတို့အပေါ် အထူးဦးစားပေး ဆောင်ရွက်ခဲ့သည်။ ၂၀၀၁ ခုနှစ်မှစတင်၍ ကိုဆိုဗိုနိုင်ငံသည် UNMIK က ပြဋ္ဌာန်းထားသည့် ယာယီ ကိုယ်ပိုင်စီမံအုပ်ချုပ်မှုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံမူဘောင်နှင့်အညီ လုပ်ငန်းများလည်းပတ်ဆောင်ရွက်ခဲ့သည်။

ကိုဆိုဗိုနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် Martti Ahtisaari ဦးစီးသည့် ဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်ရာတွင် ဆာဘီးယားနိုင်ငံ၏ အချုပ်အခြာအာဏာအောက်သို့ ပြန်လည်ခိုဝင်ခြင်း သို့မဟုတ် အယ်လ်ဘေးနီးယားနိုင်ငံနှင့် ပြည်ထောင်စုဖွဲ့ခြင်းအပါအဝင် အခြားသော ရွေးချယ်နိုင်သည့်နည်းလမ်းများအားလုံးကို ထည့်သွင်းစဉ်းစားကာ ပယ်ချပြီးနောက် အဆုံးသတ်တွင် ကိုဆိုဗိုနိုင်ငံကို နိုင်ငံတကာ၏ ကွပ်ကဲမှုဖြင့် သီးခြားလွတ်လပ်ရေးပေးမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ကိုဆိုဗိုနိုင်ငံ၏ လွတ်လပ်ရေးရရှိကြောင်း ၂၀၀၈ ခုနှစ် တစ်ဖက်သတ်ကြေညာချက်သည် အရပ်သားဆိုင်ရာ နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့ (ICR) ကို ခန့်အပ်ခြင်း ပါဝင်သည့် (၂၀၀၇ ခုနှစ်တွင် ဆာဘီးယား

နိုင်ငံက ငြင်းဆိုခဲ့သည့်) Ahtisaari အစီအစဉ်ကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုခဲ့သည်။ Ahtisaari ၏ အဓိက သတ်မှတ်ပြဋ္ဌာန်းချက်များအနက်အချို့ကို ကိုဆိုဗိုနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။

Ahtisaari အစီအစဉ်၏ ရည်ရွယ်ချက်မှာ လူနည်းစုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပြီး ကိုဆိုဗိုနိုင်ငံကို တိုင်းရင်းသားစုံ မှီတင်းနေထိုင်သည့် နိုင်ငံတော်အဖြစ် ဆက်လက်ထိန်းသိမ်းရန် ဖြစ်သည်။ ဤကြိုးပမ်းမှုများကို အဓိကမဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အားဖြည့်ထောက်ကူထားပြီး ၎င်းတို့မှာ - (၁) နိုင်ငံတကာမှ တရားသူကြီးလေးဦး ပါဝင်နေဆဲဖြစ်သည့် ခိုင်မာထိရောက်မှုရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၊ (၂) (ဒေသခံများ၏ ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ဆိုင်ရာ ဥရောပ ပဋိညာဉ်နှင့် ကိုက်ညီသည့် အကောင်းဆုံးအလေ့အထ ပုံစံများကို တုံ့ပြန်ဆောင်ရွက်ရန်နှင့် ဆာဘီးယားလူမျိုး အသိုက်အဝန်းအနေဖြင့် ခွဲထွက်ပိုင်ခွင့်မရှိသော်ငြားလည်း ကိုယ်ပိုင်ဝိသေသလက္ခဏာကို ထိန်းသိမ်းနိုင်ရေးအတွက် သင့်လျော်သည့်ဝန်းကျင်တစ်ရပ် စီစဉ်ပေးအပ်ရန်ဟူသည့် နှစ်မျိုးတွဲရည်မှန်းချက်များဖြင့်) ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်း၊ နှင့် (၃) ဆာဘီးယား အသိုက်အဝန်းအတွက် ဦးစားပေး အခွင့်အရေးများ ပေးအပ်ခြင်း (ဥပမာ ပါလီမန်လွှတ်တော် အမတ်နေရာအတွက် အာမခံချက်ပေးခြင်း) တို့ ဖြစ်ပါသည်။

ICR အဖွဲ့သည် နိုင်ငံရေး အထက်တန်းလွှာနှင့် အင်စတီကျူးရှင်းများအနေဖြင့် စီမံအုပ်ချုပ်မှုဆိုင်ရာ နေ့စဉ်လုပ်ငန်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရေး အထောက်အကူပေးရန်အလို့ငှာ ၎င်းတို့ထံသို့ တတ်နိုင်သမျှ အလျင်အမြန် အာဏာလွှဲပြောင်းပေးခြင်းဖြင့် ဘော့စနီးယားနိုင်ငံရှိ မဟာကိုယ်စားလှယ်များထံသို့ မတူညီသည့် နည်းလမ်းနည်းဟန်ဖြင့် ချဉ်းကပ်ရန် ကြိုးပမ်းခဲ့ကြသည်။ နိုင်ငံရေး အထက်တန်းလွှာများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျွမ်းဝင်ရင့်ကျက်ခြင်း ရှိလာစေရန် အလေးပေးစီစဉ်ခြင်းမှာ မြောက်များစွာသော နိုင်ငံတကာ ကြားဝင်ကူညီမှုများ/လုပ်ငန်းဆောင်ရွက်ချက်များသည် ၎င်းတို့အသုံးဝင်သည့်ကာလ ကျော်လွန်ပြီးတိုင်အောင် ဆက်လက်တည်ရှိနေခြင်းကြောင့် ယုံကြည်လက်ခံနိုင်ဖွယ်ဖြစ်မှုကို ဆုံးရှုံးရသည်ဟူသော ရှုမြင်ချက်အပေါ်လည်း အခြေခံနေသည်။ ထို့ကြောင့် အသွင်ကူးပြောင်းကာလ အဆုံးသတ်တွင် ICR ကို ရည်ညွှန်းကိုးကားချက်များအားလုံးနှင့် နိုင်ငံတကာ၏ ဆောင်ရွက်လုပ်ပိုင်ခွင့်နှင့် ဆက်နွှယ်နေသော အသွင်ကူးပြောင်းခြင်းဆိုင်ရာ အစီအမံတစ်ခုစီတိုင်းကို ပယ်ဖျက်ဖယ်ရှားခဲ့ကြသည်။ တရားဝင်မှုနှင့်စပ်လျဉ်း၍ အရေးပါသည့် ဖြစ်စဉ်တစ်ရပ်မှာ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ ၂၀၁၀ ခုနှစ် အကြံပြုထင်မြင်ချက် ဖော်ပြလွှာဖြစ်ပြီး ကိုဆိုဗိုနိုင်ငံ၏ ကြေညာချက်သည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းမရှိဟု ဆုံးဖြတ်သတ်မှတ်ခဲ့သည်။

နောက်ဆုံးအနေဖြင့် သတိချပ်မှတ်သားရန် အရေးကြီးသည်မှာ ကွပ်ကဲကာလတစ်ခုလုံးတွင် ကိုဆိုဗိုနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်ဖြစ်လာနိုင်သည့် နောက်ခံအခြေအနေအလားအလာ ရှိခဲ့သည်နှင့်အညီ ဥရောပနှင့် ဥရောပသမဂ္ဂသည် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရန်အတွက် နိုင်ငံရေးအထက်တန်းလွှာကို တိုက်တွန်းမှုများ ဆောင်ရွက်နိုင်သည့် အနေအထားတွင် ရှိခဲ့ခြင်းဖြစ်သည်။

## *လက်တင်အမေရိက*

(Javier Couso ဆွေးနွေးတင်ဆက်သည်)

နိုင်ငံပေါင်း ၂၃ နိုင်ငံပါဝင်တည်ရှိသော ဤလက်တင်အမေရိကနိုင်ငံများတွင် နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများသည် များစွာကွဲပြားလျက်ရှိသော်လည်း ၎င်းနိုင်ငံများသည် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းလာခြင်းဟူသည့် ဘုံဖြစ်သန်းမှုကြောင့် ဒေသတစ်ရပ်လုံးကို ခြုံငုံ၍ရှုမြင်ဆွေးနွေးနိုင်သည်။ လက်တင်အမေရိကနိုင်ငံများ၏ အခြားသောဘုံတူညီမှု တစ်ရပ်မှာ ဝါဒရေးရာကွဲပြားခြားနားမှုများသည် တိုင်းရင်းသား သို့မဟုတ် ဘာသာရေးဆိုင်ရာ မတူကွဲပြားမှုများထက် အများအားဖြင့် ပို၍အရေးပါအရာရောက်သည့်အချက်ပင် ဖြစ်သည်။ ဤဒေသသည် ကောင်းမွန်သော စီမံအုပ်ချုပ်ရေးကိုဖော်ဆောင်ရန် ကြိုးပမ်းရာတွင် အဂတိလိုက်စားခြင်း၊ စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများမှောင်ခိုကုန်ကူးခြင်းနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ပွဲ၊ နှင့် ရဲတပ်ဖွဲ့များကို ထိန်းကွပ်ကာ တာဝန်ခံမှုရှိစေခြင်း အပါအဝင် ဖြေရှင်းရန်ခက်ခဲသည့် စိန်ခေါ်မှုကြီးများကိုကြုံတွေ့ခဲ့ရပြီး ဤသို့သောအခြေအနေများကြောင့် တရားရေးမဏ္ဍိုင်သည် လေးလံသောဝန်ကိုထမ်းပိုးရပြီး အစိုးရဆောင်ရွက်ချက်များသည် တရားဥပဒေနှင့် ကိုက်ညီမှု ရှိ၊ မရှိ ပြန်လည်သုံးသပ်ရာတွင်လည်း ခက်ခဲပေသည်။

လက်တင်အမေရိက၏ တွေ့ကြုံဖြစ်သန်းမှုသည် ပဋိပက္ခ/‘ပဋိပက္ခအလွန်’ အခြေအနေဟူသည့် သဘောတရား၏ ဖွင့်ဆိုသတ်မှတ်ချက်ကို ပြဿနာတစ်ရပ်အဖြစ် ရှုပ်ထွေးစေပြီး ပိုမို၍လည်း ကျယ်ပြန့်လာစေသည်၊ အခြားသောဖြစ်ရပ်လေ့လာချက် အမြောက်အများတွင် လက်နက်ကိုင်ပဋိပက္ခ အသွင်သဏ္ဍာန်တစ်ရပ်သည် အသွင်ကူးပြောင်းခြင်းကို ပေါ်ပေါက်စေသည့် အကြောင်းဇာစ်မြစ်အဖြစ်ဖော်ပြကြသည်။ သို့ရာတွင် မက်ဆီကိုနိုင်ငံရှိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ပွဲသည် လွန်ခဲ့သောငါးနှစ်ကာလအတွင်း လူ့အသက်ပေါင်း ၁၀၀,၀၀၀ ကျော်ကို ကြွေလွင့်စေခဲ့ပြီး ဤသို့သောအခြေအနေကို ပဋိပက္ခတစ်ရပ်ဟုသတ်မှတ်နိုင်ကြောင်း ရှင်းလင်းမြင်သာပေသည်။ (ကိုယ်စားပြုနိုင်ခြင်းမရှိသည့် ဖြစ်ရပ်လေ့လာချက်များအဖြစ် သတ်မှတ်ထားသည့် နိုင်ကာရာဂွာနှင့် ဂွာတာမာလာ နိုင်ငံများဖြစ်သည့်) ခြွင်းချက်နှစ်ခုမှအပ လက်တင်အမေရိက နိုင်ငံများသည် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးဖူးခြင်းမရှိပေ။ သို့ရာတွင် အဆိုပါဒေသသည် အကျပ်အတည်းအခြေအနေများကို အကြိမ်ကြိမ်ထပ်ကျော့ ကြုံတွေ့နေရခြင်းကြောင့် အပြီးသတ်အတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ အများအပြားသည် လက်တွေ့အခြေအနေတွင်မူ ကြားကာလအစီအမံများအဖြစ်သာ သက်ရောက်မှုရှိနေသည်ဟု ဖော်ပြပါက ပိုမိုတိကျမှန်ကန်မည် ဖြစ်ပေသည်။

ရွေးကောက်ပွဲများကို ဒီမိုကရေစီနည်းကျ အုပ်ချုပ်မှုစနစ် အခြေခိုင်မာစေရန်အတွက် နည်းလမ်းတစ်ရပ်အဖြစ် အလေးပေးအသုံးပြုခြင်းကြောင့် ဖြစ်ရပ်များစွာ၌ ရွေးကောက်ပွဲများမကျင်းပမီအကြား ကာလတွင် တာဝန်ခံမှုမရှိသည့် အခြေအနေကို ပေါ်ပေါက်လာစေသည်၊ တရားဥပဒေစိုးမိုးမှုသည် စနစ်တကျတာဝန်ခံမှုရှိစေရန်အထိ အလုံအလောက်ခိုင်မာအားကောင်းခြင်းမရှိပေ။ သို့ရာတွင် လွန်ခဲ့သော ၁၀-၁၅ နှစ် ကာလအတွင်း ဤအခြေအနေ စတင်ပြောင်းလဲလာသည်။ အရေးပါသည့်

ဖြစ်စဉ်တစ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လစ်ဘရယ်ဆန်သည့် ဆွေးနွေးဝိုင်းတစ်ရပ်ကို နိုင်ငံရေး အသွင်ကူးပြောင်းခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပထမဆုံးအကြိမ် စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည် (ဥပမာ ဘိုလီဗီးယားနိုင်ငံ၊ ဗင်နီဇွဲလားနိုင်ငံနှင့် အီကွေဒေါနိုင်ငံတို့တွင် ဖြစ်သည်)။

လက်တင်အမေရိက၏ တွေ့ကြုံဖြတ်သန်းမှုသည် နိုင်ငံတွင်းတရားဝင်မှုနှင့် နိုင်ငံတကာတွင် တရားဝင်မှုအကြား ကွဲပြားချက်ကိုသရုပ်ဖော်ပြလျက်ရှိပြီး တစ်ခုစီကို တိုင်းတာရန်အသုံးပြုသော စံသတ်မှတ်ချက်များ ကွဲပြားသည့်အချက်ကိုလည်း မီးမောင်းထိုးဖော်ပြလျက်ရှိသည်။ အသုံးဝင်သော ဥပမာတစ်ရပ်မှာ ချီလီနိုင်ငံဖြစ်သည်။ ပီနိုချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲခြင်းဆိုင်ရာ ဆန္ဒမဲခံယူပွဲတစ်ရပ်တွင်ရှုံးနိမ့်ကာ သမ္မတရာထူးအတွက် ပါဝင်ရွေးကောက်ခံ ယှဉ်ပြိုင်ပိုင်ခွင့်ကို ဆုံးရှုံးပြီးနောက်တွင် စစ်တပ်၏ ဗိုလ်ချုပ်မှူးကြီးအဖြစ် ဆက်လက်၍ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းဦးဆောင်သည့် အစိုးရလက်ထက်တွင် ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆက်လက်၍ ကျင့်သုံးခဲ့သည်။ သို့ရာတွင် ပိုမိုအရေးပါသည့်အချက်မှာ အုပ်ချုပ်ရေးအာဏာကို ပီနိုချက်ထံမှ ရုပ်သိမ်းခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားဝင်မှုကိုကာကွယ်နိုင်ခဲ့သည်။ ထို့အပြင် ပီနိုချက် အလွန်ခေတ်တွင် ဆင်းရဲမွဲတေမှုလျော့ကျခြင်းနှင့် GDP မြင့်တက်လာခြင်း၊ နှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုရှိကြောင်း ဖော်ပြနေသည့် အဓိကကျသော နိုင်ငံအလိုက်ညွှန်းကိန်းများကို တွေ့မြင်ခဲ့ရပြီး ထို့ကြောင့် လုံးလုံးလျားလျားအသစ်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲချမှတ်ရန် လိုအပ်ချက်ကို လက်တလောကာလအထိ ကြုံတွေ့ရခြင်းမရှိသေးပေ (မွမ်းမံပြင်ဆင်ချက်များကိုမူ အတည်ပြုပြဋ္ဌာန်းခဲ့သည်)။ ထို့ကြောင့် ကြီးမားသည့်အသွင်ကူးပြောင်းမှုတစ်ရပ်ကို ကျော်ဖြတ်ခဲ့ရသော်လည်း ချီလီနိုင်ငံသည် မူလရေးဆွဲပြဋ္ဌာန်းခဲ့ရာတွင် တရားဝင်မှုမရှိသော်ငြား လက်ရှိကျင့်သုံးရာတွင်မူ တရားဝင်မှုရှိနေသည့် ရှိရင်းစွဲ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားဝင်မှုကို ထိန်းသိမ်းနိုင်ခဲ့သည်။ ဥရုဂွေးနိုင်ငံ၊ အာဂျင်တီးနားနိုင်ငံနှင့် ပီရူးနိုင်ငံဟူသည့် အခြားသော ဖြစ်ရပ်သုံးခုတွင်မူ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် အာဏာရှင်စနစ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲခြင်းမပြုဘဲ ဖော်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ဤရှုထောင့်မှကြည့်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်၏ လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စံတန်ဖိုးပြဋ္ဌာန်းချက်များအကြား ကွဲပြားခြားနားချက်ကို တွေ့မြင်နိုင်သည်။

## *ပိုလန်နိုင်ငံ*

(Lech Garlicki ဆွေးနွေးတင်ဆက်သည်)

ဆိုဗီယက်ပြည်ထောင်စုက ကျောထောက်နောက်ခံပေးထားသည့် အစိုးရနှင့် အတိုက်အခံအဖွဲ့အစည်းဖြစ်သည့် စည်းလုံးရေးလှုပ်ရှားမှု ပါတီအကြားဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ရန် ကတ်သလစ်ဘုရားကျောင်းတော်က ကြားဝင်စေ့စပ်ပေးမှုကြောင့် ပိုလန်နိုင်ငံတွင် အာဏာခွဲဝေကျင့်သုံးရေး သဘောတူညီချက်ကို ချမှတ်နိုင်ခဲ့သည်။ သဘောတူညီချက် ချမှတ်ပြီးနောက်တွင် သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာများ ပိုမိုအားကောင်းလာပြီး ပါလီမန်လွှတ်တော်အနေဖြင့် ဆောင်ရွက်ပါဝင်နိုင်သည့် အခန်းကဏ္ဍသည်မူ ယခင်ထက်ပို၍ အကန့်အသတ် ရှိလာသည်။ ကွန်မြူနစ်အစိုးရ

သည် အာဏာပိုင်စိုးမှု ဆုံးရှုံးမည်ကိုစိုးရွံ့သဖြင့် ဒီမိုကရေစီနည်းဟန်ကို ဆန့်ကျင်နေကြောင်း ရှင်းလင်း မြင်သာသည့် ဖွဲ့စည်းပုံကို အဆိုပါကာလတွင် ချမှတ်ကျင့်သုံးရန် လိုအပ်ခဲ့သည်။ ဆွေးနွေးညှိနှိုင်းရာတွင် စီးပွားရေး၊ လူမှုဆိုင်ရာ မူဝါဒနှင့် အလုပ်သမားသမဂ္ဂများ၏ အဆင့်အတန်း စသည့် အရေးကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းရန်အတွက် လုပ်ငန်းအဖွဲ့များဖွဲ့စည်းကာ ဆောင်ရွက်ခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စု ကျဆုံးခြင်းနှင့် နောက်ဆက်တွဲအဖြစ် ကွန်မြူနစ်အစိုးရ၏ တရားဝင်မှု ဆုံးရှုံးခြင်းကြောင့် ၁၉၅၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မွမ်းမံပြင်ဆင်သည့် ၁၉၈၉ ခုနှစ် ဧပြီလ မွမ်းမံပြင်ဆင်ချက်တွင်ပါရှိသော အာဏာခွဲဝေကျင့်သုံးရေးအစီအမံသည် ချက်ချင်းနီးပါးပင် ဆီလျော်ကိုက်ညီမှုမရှိ ဖြစ်သွားခဲ့သော်လည်း အဆိုပါဆွေးနွေးညှိနှိုင်းမှုများကြောင့် ၁၉၉၁ ခုနှစ်တွင် အသွင်ကူးပြောင်းခြင်းကို ချောမွေ့စွာဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၉၂ ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေငယ် (ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ အသွင်တစ်ရပ်) ကို မိတ်ဆက် ပြဋ္ဌာန်းခဲ့ပြီး ၎င်းတွင် ၁၉၈၉ ခုနှစ်၊ ဧပြီလ မွမ်းမံပြင်ဆင်ချက်ပါ အာဏာခွဲဝေကျင့်သုံးရေး အစီအမံများကို ပယ်ဖျက်ခဲ့သည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေငယ်သည် ၁၉၅၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အစားထိုး ပြဋ္ဌာန်းခြင်းဖြစ်သော်လည်း အချို့သောအခန်းများကိုမူ ဆက်လက်၍ထည့်သွင်း ပြဋ္ဌာန်းထိန်းသိမ်းခဲ့သည်။

လက်ရှိကျင့်သုံးနေသော ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲချမှတ်သည့် လုပ်ငန်းစဉ်သည် ရှစ်နှစ်နီးပါး ကြာမြင့်ခဲ့သည်။ အဖွဲ့ဝင် ၅၆ ဦးပါ ရေးဆွဲချမှတ်ရေးကော်မတီကို ပါလီမန် လွှတ်တော်နှစ်ရပ်အနက် တစ်ရပ်စီမှကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားပြီး သမ္မတနှင့် လွှတ်တော် အမတ် ၅၆ ဦးကျော်ပါဝင်သော မည်သည့်အစုအဖွဲ့အနေဖြင့်မဆို မူကြမ်းများရေးဆွဲတင်သွင်းပိုင်ခွင့် ရှိစေရန် တိုးချဲ့သတ်မှတ်ပေးခဲ့သည်။ ၁၉၉၄ ခုနှစ်၌ ဆောင်ရွက်ခဲ့သည့် မွမ်းမံပြင်ဆင်ချက်တစ်ရပ် တွင် ပြည်သူလူထုအနေဖြင့် မဲဆန္ဒရှင် ၅၀၀,၀၀၀ ပါဝင်သည့် အစုအဖွဲ့များဖွဲ့ကာ အုပ်စုလိုက် မူကြမ်း ရေးဆွဲတင်သွင်းနိုင်စေရန် ခွင့်ပြုပေးခဲ့သည်။ အသွင်ကူးပြောင်းကာလအတွင်း နိုင်ငံသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ စာရွက်စာတမ်းနှစ်ရပ်ကိုအသုံးပြု၍ စီမံအုပ်ချုပ်လည်ပတ်ခဲ့ပြီး ပထမစာရွက်စာတမ်းသည် ဆိုဗီယက်ပြည်ထောင်စုက ကျောထောက်နောက်ခံပေးခဲ့သည့် ၁၉၅၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲပြင်ဆင်ပေးခဲ့ကာ ဒုတိယစာရွက်စာတမ်းမှာမူ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို (အချို့သောအခန်းများ ပြန်လည်ထည့်သွင်း၍) အစားထိုးခဲ့သည်။ ကြားကာလ 'အစီအမံများ' တွင် အာဏာရှင်ဆိုဗီယက် အငွေ့အသက်များပါရှိနေဆဲ ဖြစ်သည့်အလျောက် ၎င်းတို့ကို ကြားကာလ သဘောသဘာဝအဖြစ် သတ်မှတ်ကျင့်သုံးခဲ့ကြသည်။ ဤကာလအတွင်း အခွင့်အရေးဆိုင်ရာ အာမခံချက်များကို အများအားဖြင့် တရားရုံးတော်များက တာဝန်ယူကြပြီး ၎င်းတို့အနေဖြင့် ၁၉၅၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသည့် အခွင့်အရေးများကို အနက်ဖွင့်ရာ၌ တီထွင် ကြံဆဆောင်ရွက်ကာ အခြားသောအခွင့်အရေးများကို ပေါင်းဖြည့်ခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ၎င်းသည် ၁၉၅၂ ခုနှစ် ပြဋ္ဌာန်းချက်ပါ မူရင်းအနက်အတိုင်းသာ လိုက်နာကျင့်သုံးရန် စည်းနှောင်ထားမှုမရှိတော့ကြောင်း ထုတ်ပြန်ဖော်ပြခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးမှုများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပကာ အတည်ပြုပြဋ္ဌာန်းရန် ဆုံးဖြတ်ချက်မှာ လူထုအကျိုးမျှော်ဝါဒီ အင်အားစုများအတွက် အကျိုးဖြစ်ထွန်းစေခဲ့သည်၊ ဥပမာအားဖြင့် လက်ယာယိမ်းဝါဒီများကို အမျက်မထွက်စေရန်အလို့ငှာ နိုင်ငံရေးသမားများသည် ဥရောပသမဂ္ဂအကြောင်းကို ပြောဆိုဆွေးနွေးရန် ရှောင်လွှဲခဲ့ကြသည်။ ထို့အပြင် ကတ်သလစ်ဘုရားကျောင်းတော်သည် မဲဆန္ဒရှင်များကို ဆော်သြစည်းရုံးနိုင်စွမ်းရှိသောကြောင့် ဘာသာရေးလွတ်လပ်မှု အခိုင်အမာရှိစေရန် လုပ်ဆောင်နိုင်ခဲ့သည်။ အဆုံးသတ်အနေဖြင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် လာရောက်မဲပေးသည့် မဲဆန္ဒရှင်အရေအတွက်မှာ နည်းပါးခဲ့ပြီး (မဲပေးပိုင်ခွင့်ရှိသူ ၄၃ ရာခိုင်နှုန်း) မဲပေးသူများ၏ ၅၃ ရာခိုင်နှုန်းကသာ ထောက်ခံမဲပေးခဲ့ကြသည်။ သို့ဖြစ်စေကာမူ ပိုလန်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားဝင်မှုနှင့်စပ်လျဉ်း၍ ပြဿနာကြီးကြီးမားမား မရှိခဲ့ပေ။ အသွင်ကူးပြောင်းခြင်းကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့မှုတွင် ထိုကာလ၌ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုရှိခြင်းနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအမျိုးမျိုးတို့ကို အောင်အောင်မြင်မြင် ချမှတ်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့က အဓိကကျကြောင်း ပါဝင်ဆွေးနွေးသူများက အကြံပြုထောက်ပြခဲ့ကြသည်။ ခေတ်နောက်ပြန်ဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၁၁ ခုနှစ်၌ ပြဋ္ဌာန်းကျင့်သုံးခဲ့သည့် ဟန်ဂေရီနိုင်ငံနှင့် နှိုင်းယှဉ်ကြည့်ပါက ပိုလန်နိုင်ငံသည် အလားတူအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ပုံကြောင့်မဟုတ်ဘဲ နိုင်ငံရေးဆိုင်ရာ အကြောင်းကိစ္စရပ်များ၏ ရလဒ်သာဖြစ်သည်ဟု ကောက်ချက်ချနိုင်သည်။

## ***အီရတ်နိုင်ငံ***

(Asanga Welikala ဆွေးနွေးတင်ဆက်သည်)

၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဦးဆောင်သော ကျူးကျော်တိုက်ခိုက်မှုဖြစ်စဉ် အပြီးတွင် နိုင်ငံတော်ကို စီမံကွပ်ကဲရန် - တစ်စိတ်တစ်ပိုင်းကိုလိုနီ အင်စတီကျူးရှင်းဟု ဖော်ပြကြသော - ယာယီညွန့်ပေါင်းအာဏာပိုင်အဖွဲ့ (CPA)ကို ဖွဲ့စည်းခဲ့ကြသည်။ CPA သည် အသွင်ကူးပြောင်းကာလဆိုင်ရာ အုပ်ချုပ်ရေးဥပဒေ (TAL) ဖြစ်သော ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို မူကြမ်းရေးဆွဲရန် တာဝန်ရှိသည့် အီရတ်အုပ်ချုပ်ရေးကောင်စီ (IGC)ကို ခန့်အပ်ခဲ့သည်။ အသွင်ကူးပြောင်းကာလသည် အလွန်ပင် ဖရိုဖရဲဖြစ်ခဲ့ပြီး နိုင်ငံတကာဆောင်ရွက် လှုပ်ရှားသူများသည် ၎င်းတို့ ဖယ်ရှားခဲ့သည်များကို မည်သို့ပြန်လည်အစားထိုးဖြည့်ဆည်း ပေးရမလဲဆိုသည့်အပေါ်သဘောထားများ ကွဲပြားခဲ့ကြသည်။ အဆိုပါလုပ်ငန်းစဉ်သည် အမေရိကန်နိုင်ငံ၏ ပြည်တွင်း နိုင်ငံရေးအခြေအနေများ အတွက် မြေစာပင် တစ်ခုလည်း ဖြစ်ခဲ့သည်။ ၂၀၀၆ ခုနှစ် သက်တမ်းဝက်ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပချိန်တွင် အီရတ်နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပြဋ္ဌာန်းထားရှိနိုင်ရမည်ဟူသော သမ္မတဘွတ်ရှ်၏ မဲဆွယ်ကတိကြောင့် လုပ်ငန်းကာလသတ်မှတ်ချက်သည် တိုတောင်းခဲ့ရသည်။ မူကြမ်းရေးဆွဲရေးကော်မတီသည် အပြီးသတ်အတည်ပြု ဖွဲ့စည်းပုံအခြေခံဥပဒေကို မူကြမ်းရေးဆွဲရန် အချိန် ၆ လ ရရှိခဲ့သော်လည်း (အဆက်မပြတ် တည်ရှိနေခဲ့သော မလုံခြုံမှုများနှင့်အတူ) အတွင်းပိုင်းတွင် ဂိုဏ်းဂဏ

ကွဲပြားမှုများကြောင့် အချိန်နှစ်ပတ်မျှသာ ကြာမြင့်ခဲ့သည်။ ယုံကြည်လက်ခံနိုင်ဖွယ်မရှိသော သတ်မှတ်ကာလကြောင့် အီရတ်လုပ်ငန်းစဉ်၏ အပြီးသတ်ရက်များသည် ရှုပ်ထွေးနေခဲ့ပြီး ဖိအားများပြင်းထန်ခဲ့ကြသည်။

ကျူးကျော်တပ်ဖွဲ့များတည်ရှိနေမှုနှင့် ကျူးကျော်သိမ်းပိုက်မှုဆိုင်ရာ ဥပဒေ၏အခန်းကဏ္ဍနှင့်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ[၂] ဆုံးဖြတ်ချက်များကို လိုက်နာရခြင်းတို့ကြောင့် TAL နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ပိုမိုရှုပ်ထွေးလာစေခဲ့သည်။ ကျူးကျော်သိမ်းပိုက်မှုသည် တိတိကျကျမည်သည့်အချိန်တွင် ပြီးဆုံးခဲ့သည်ဟူသော အကြောင်းအရာအပေါ် အငြင်းပွားမှုများကြောင့် ဥပဒေကြောင်းအရ အလွန်ရှုပ်ထွေးသော အခြေအနေများကို ဖြစ်ပေါ်စေလာခဲ့သည်။ နောက်ဆုံးတွင် ကျူးကျော်သိမ်းပိုက်မှုဆိုင်ရာ ဥပဒေများအရ ချမှတ်ထားသောအခွင့်အရေးအခြေပြု ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ အတန်ငယ်စီစဉ်ဆောင်ရွက်နိုင်စွမ်းရှိစေရန်အတွက် ကျူးကျော်သိမ်းပိုက်မှုဆိုင်ရာ ဥပဒေ၏ အချက်အလက်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များတွင် ထည့်သွင်းခဲ့သည် (ဥပမာ - တရားလက်လွတ်ဖမ်းဆီးခြင်း)။

အီရတ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုသည် အုပ်စုကြီး သုံးခုဖြစ်သော ကာ့ဒ်၊ ဆွန်နီနှင့် ရှီယာကြားတွင် သုံးဦးသဘောတူ လူမှုပဋိညာဉ်ကို ဖြစ်ပေါ်လာစေခဲ့သည်။ သို့ရာတွင် ထည့်သွင်းစဉ်းစားရမည့် အခြားသော မျိုးနွယ်စု/ဒေသခံဆိုင်ရာ သစ္စာတော်ခံများလည်း ရှိနေသေးသည်။ TAL သည် အဓိက ပြောင်းလဲချက်နှစ်ခုကို ပေါ်ပေါက်စေခဲ့သည်။ ပထမအနေဖြင့် သက်ဦးဆံပိုင်ပဒေသရာဇ်စနစ် သို့မဟုတ် သမ္မတစနစ်ဖြင့်သာ အမြဲတစေအုပ်ချုပ်ခဲ့သော နိုင်ငံတွင် ပါလီမန်စနစ်အစိုးရကို ဖော်ဆောင်နိုင်ခဲ့ပေသည်။ ဒုတိယအနေဖြင့် ဗဟိုချုပ်ကိုင်မှု မြင့်မားသော တစ်ပြည်ထောင်နိုင်ငံအဖြစ်မှ ဖက်ဒရယ်နိုင်ငံအဖြစ်သို့ ပြုပြင်ပြောင်းလဲနိုင်ခဲ့ခြင်းဖြစ်ပြီး ကာ့ဒ်တို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးအပ်ခဲ့သည်။ အဆိုပါ ပြောင်းလဲမှုများကို ဖက်ဒရယ်စနစ်အတွက် သင့်လျော်သော ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းမရှိဘဲ ဆောင်ရွက်နိုင်ခဲ့ပေသည်။ TAL သည် အစ္စလာမ်ဘာသာကို ထည့်သွင်းဖော်ပြခဲ့သည့် ပထမဆုံးသော အီရတ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပြီး ရှရီယာဥပဒေကို အနက်ဖွင့်ဆိုမှုများ ကွဲပြားခြင်းကြောင့် ထိုအချက်သည် ဆွန်နီနှင့် ရှီယာ အသိုက်အဝန်းကြားတွင် အချေအတင် အငြင်းပွားမှုများကို ဖြစ်ပေါ်စေခဲ့သည်။ TAL ၏ တရားဝင်မှုအပေါ် ဝေဖန်မှုများ အများအပြားရှိခဲ့သော်လည်း ၎င်းသည်အပြီးသတ်အတည်ပြုကျင့်သုံးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံအုတ်မြစ်အဖြစ် ထမ်းဆောင်နိုင်ခဲ့ပေသည်။

ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပြည်သူပါဝင်ဆောင်ရွက်မှု အလွန်အမင်းနည်းပါးခဲ့သည်။ မူမတူယှဉ်တွဲနေထိုင်သည့် ဤလူမှုအဖွဲ့အစည်းတွင် တိုင်းရင်းသားနှင့် ဘာသာရေးဆိုင်ရာ ကိုယ်စားပြုပါဝင်မှုရှိစေရေးအတွက် ဖော်ဆောင်ကျင့်သုံးရန် ကြိုးပမ်းအားထုတ်မှုများ ရှိခဲ့သော်လည်း IGC သည် ကျူးကျော်သိမ်းပိုက်လာသည့် အင်အားစုများအပေါ် အမှီအခိုကင်း သီးခြားရပ်တည်မှုမရှိခြင်း (လွတ်လပ်ရေးဝါဒီများ၊ အမေရိကန်ဆန့်ကျင်သည့် ရှီယာဘာသာရေးခေါင်းဆောင်

[၂] UNSC Res. 1511 (16 October 2003); 1500 (14 August 2003); 1490 (3 July 2003); 1483 (22 May 2003).

များနှင့် ယခုအခါ တရားမဝင်ပါတီအဖြစ် ကြေညာသတ်မှတ်ခံထားရသည့် ဘာအာ့ပါတီ၏ အဖွဲ့ဝင်ဟောင်းများအပါအဝင် အမေရိကန်နိုင်ငံ၏ ကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်သည့် နိုင်ငံရေးနှင့် လူမှုရေး အစုအဖွဲ့များအားလုံးကို ချန်လှပ်ခဲ့သည်) နှင့် ယခင်က ပြည်နှင်ဒဏ်ပေးခံခဲ့ရသူများအပေါ် အလွန်အကျူး မှီခိုခြင်းကြောင့် ဝေဖန်မှုများကြုံတွေ့ခဲ့ရသည်။ TAL ကို ရေးဆွဲရာတွင် နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုအများစုကို CPA က တံခါးပိတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အီရတ်နိုင်ငံမှ နိုင်ငံရေးပါတီများအကြား တိုက်ရိုက်ညှိနှိုင်းဆွေးနွေးမှုများ မရှိခဲ့ပေ။

အပြီးသတ်အတည်ပြုမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနေစဉ်အတွင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို ဆွန်နီများ၏သပိတ်မှောက်မှုကြောင့် အဖွဲ့ဝင် ၅၅ ဦးပါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မတီတွင် ဆွန်နီများအလုံအလောက် ကိုယ်စားပြုပါဝင်မှုမရှိခြင်း ပေါ်ပေါက်လာခဲ့ပြီး လုပ်ငန်းစဉ်ဆောင်ရွက်နေစဉ်ကာလတွင် IGC က လုပ်ငန်းစဉ်၏ တရားဝင်မှုကို မြှင့်တင်၍ ဆွန်နီပုန်ကန်မှုကို ငြိမ်သက်စေရန်မျှော်မှန်းကာ ဆွန်နီအဖွဲ့ဝင် ၁၄ ဦးကို ပေါင်းထည့်ခဲ့သည်။ အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခဲ့သည်။ မဲဆန္ဒရှင်များအနက် ၇၉ ရာခိုင်နှုန်းက အတည်ပြုထောက်ခံမဲပေးခဲ့ကြသော်လည်း ဆွန်နီလူများစုနေထိုင်သည့် ပြည်နယ်သုံးခုက ကန့်ကွက်ငြင်းဆိုခဲ့သည်။

TAL ကို အီရတ်နိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် ရှေ့နောက်ညီညွတ်မှုအရှိဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေဟု သတ်မှတ်နိုင်သော်လည်း ကြားကာလနှင့် အပြီးသတ်အတည်ပြု ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ်မျိုးစလုံးအတွက် ရေးဆွဲချမှတ်ရေး ကော်မတီနှစ်ရပ်လုံးသည် နိုင်ငံအတွင်းရှိ ကွဲပြားနေသော တိုင်းရင်းသား-ဂိုဏ်းဂဏ အဖွဲ့အစည်းများကို ကိုယ်စားပြုနိုင်ခြင်းမရှိဟု ပြည်သူအမြောက်အများက သတ်မှတ်ထားကြသည်နှင့်အညီ ၎င်းတို့အနေဖြင့် TAL သည် တရားဝင်မှုမရှိဟူ၍လည်း ရှုမြင်ခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနည်းကျ အုပ်ချုပ်သည့်နိုင်ငံအဖြစ် ရပ်တည်ဖူးခြင်းမရှိသည့် လူမှုအဖွဲ့အစည်းတစ်ရပ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို ရေးဆွဲချမှတ်သည့် လုပ်ငန်းစဉ်သည် တရားဝင်မှုပြဿနာကို မလွှဲရှောင်သာ ကြုံတွေ့ရမည်ပင် ဖြစ်ပေသည်။

## *အာဖဂန်နစ္စတန်နိုင်ငံ*

(Barnett Rubin ဆွေးနွေးတင်ဆက်သည်)

အသွင်ကူးပြောင်းကာလသည် ၂၀၀၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ ကျူးကျော်တိုက်ခိုက်ခံရမှုမှ စတင်ခဲ့ခြင်းမဟုတ်ဘဲ သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်ကိုဖြုတ်ချပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပျက်ပြယ်သွားချိန် ၁၉၇၃ ခုနှစ်တွင် စတင်ခဲ့သည်။ ပြည်သူ့သမ္မတနိုင်ငံအဖြစ်မှ အစ္စလာမ်နိုင်ငံအဖြစ်သို့၊ ထိုမှတစ်ဆင့် အစ္စလာမ်စော်ဘွားနိုင်ငံအဖြစ်သို့ အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ယခုအခါတွင် အစ္စလာမ်စော်ဘွားနိုင်ငံကို ဆန့်ကျင်သည့် အစ္စလာမ်သမ္မတနိုင်ငံ ဖြစ်လာခဲ့သည်။ အင်စတီကျူးရှင်းများ၏ စွမ်းဆောင်ရည်နိမ့်ပါးပြီး ဗဟိုအစိုးရသည် ကာဘူးလ်မြို့ကို ကျော်လွန်၍ အုပ်ချုပ်နိုင်စွမ်းအနည်းအကျဉ်းသာရှိခြင်းနှင့်အတူ အဓိကပြဿနာမှာ (အလွှာနိမ့် အုပ်ချုပ်ရေးဥပဒေကို ကျော်လွန်သည့်) လက်ရှိကျင့်သုံးနေသော တည်ဆဲဥပဒေကို သတ်မှတ်ခြင်းပင်ဖြစ်ပြီး အငြင်းပွားမှုကို ဖြေရှင်း

ရာ၌ မျိုးနွယ်စုအကြီးအကဲများသည် အဓိက အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် တရားစီရင်ရေး ကဏ္ဍသည် ဟန်ပြမျှသာဖြစ်ခဲ့သည်။ အသွင်ကူးပြောင်းခြင်းလုပ်ငန်းစဉ်အတွက် ဆုံးဖြတ်ချက်များ ကိုချမှတ်ရာတွင် ကျူးကျော်တိုက်ခိုက်မှုခံရပြီး အခြေအနေ (နှင့် အကြမ်းဖက်လှုပ်ရှားမှုများကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများကို အဆုံးသတ်ဖယ်ရှားခြင်း) အပေါ် အခြေခံ ခဲ့သည်။ စစ်တပ်သည် နယ်မြေထိန်းချုပ်မှုကို အပြည့်အဝမရရှိသောကြောင့် ကြားကာလ ကုလသမဂ္ဂ စီမံအုပ်ချုပ်ရေးကို စီစဉ်ပေးအပ်နိုင်ခြင်း မရှိခဲ့ပေ။ ဤအခြေအနေကြောင့် လက်တွေ့မြေပြင်ရှိ အုပ်ချုပ်သူတပ်မှူးများသည် လုပ်ပိုင်ခွင့်အာဏာကို မည်မျှအတိုင်းအတာအထိ စွန့်လွှတ်ရမည် ဟူသော အကြောင်းအရာနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ ပေါ်ပေါက်လာစေခဲ့သည်။ ယေဘုယျ အားဖြင့်ဆိုသော် မည်သည်က 'ကြားကာလ' ဖြစ်သည် (မဖြစ်သည်) အပေါ်တွင် အလွန်အမင်း စိုးရိမ် ခြင်းမရှိသင့်ဘဲ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်သူများအနေဖြင့် နိုင်ငံတစ်ခုသည် မည်သို့မည်ပုံ ဖြစ်လာမည်ဆိုသည့် ယုံတမ်းပြောဆိုမှုများတွင် ပါဝင်ပတ်သက်ခြင်းမှ ရှောင်ကြဉ်သင့်သည် ဟူသော အတွေးအမြင်ကို အာဖဂန်နစ္စတန်နိုင်ငံ၏ အတွေ့အကြုံက ပြနေပါသည်။ ကုလသမဂ္ဂမှ ကမကထပြု စီစဉ်ခဲ့သော (အဓိကအားဖြင့် နိုင်ငံတကာလှုပ်ရှားဆောင်ရွက်သူများ ပါဝင်ခဲ့သော) ၂၀၀၁ ခုနှစ် ဘွန်း ညီလာခံ၏ ရည်ရွယ်ချက်မှာ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖန်တီးရေးဆွဲရန် လမ်းပြမြေပုံကိုဖော်ဆောင်ရန် ဖြစ်သည်။ အဆိုပါညီလာခံသည် ကြားကာလအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ၎င်းကြားကာလအုပ်ချုပ်ရေးအဖွဲ့၏ တာဝန်မှာ ကြားကာလအာဏာပိုင်ကိုယ်စားပြုအဖွဲ့ကို ၆ လအတွင်း ဖွဲ့နိုင်ရန်အတွက် အရေးပေါ် Loya Jirga (မဟာညီလာခံ) ကို ကျင်းပရန်ဖြစ်ပြီး ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လျော်ညီသော Loya Jirga ဖွဲ့စည်းပြီး ရွေးကောက်ပွဲများကျင်းပရန် ဖြစ်သည်။ အသွင်ကူးပြောင်းကာလတွင် ၁၉၆၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြန်လည်အသက်သွင်းကျင့်သုံးခဲ့ကြသည်။ ဥပဒေနှင့် နိုင်ငံရေးအရ ယခင်ကျင့်သုံးမှုပုံစံများကို ယခုဆက်လက်အသက်ဝင်ကျင့်သုံးနိုင်မှု ရှိ၊ မရှိ ဆိုသည့် မေးခွန်းသည် ငြင်းခုံဆွေးနွေးမှု၏ အဓိကအကြောင်းအရာ ဖြစ်လာခဲ့သည်။ ဆိုလိုသည်မှာ အစိုးရ စနစ်အသစ်တစ်ခုကို ဖွဲ့စည်းမည်လော သို့မဟုတ် ယခင်အစဉ်အလာများကို အခြေခံကာ ပြန်လည် ဖွဲ့စည်းမည်လော ဟူ၍ ဖြစ်သည်။ နောက်ဆုံး ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစ္စလာမ် ဥပဒေကို ၁၉၆၄ ခုနှစ် ပြဋ္ဌာန်းချက်၏ ပိုမိုခိုင်မာသောမူကွဲအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ထက်သာလွန်သော အဆင့်အတန်းတွင် ထားရှိသတ်မှတ်ထားသောကြောင့် အပြည်ပြည်ဆိုင်ရာ လူ့ အခွင့်အရေးကြေညာစာတမ်းကို လိုက်နာကျင့်သုံးရန် ကတိကဝတ်ကို ယုတ်လျော့စေခဲ့သည်။

သို့သော်ငြားလည်း ၂၀၀၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ငြိမ်းချမ်းသော နိုင်ငံရေး ပြေလည်မှုကို ဖော်ဆောင်ရန်ကျရှုံးခဲ့သည်။ အမေရိကန်နိုင်ငံ၏ အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးမူဝါဒ များကြောင့် တာလီဘန်များသည် ညှိနှိုင်းဆွေးနွေးမှုများအားလုံးမှ ဖယ်ရှားခံရပြီး ထိုအချက်သည် ဆွေးနွေးညှိနှိုင်းရာတွင် ကိုယ်စားပြုပါဝင်စေခြင်းရှိသော သဘောသဘာဝကို ယိုင်နဲ့စေခဲ့သည်။ ကြားကာလ ရွေးကောက်ပွဲများတွင် တာလီဘန်များကို ဝင်ရောက်ရွေးကောက်ခံနိုင်ရန် အခွင့်အရေး များပေးရန် ရည်ရွယ်ထားခဲ့သော်လည်း ၎င်းတို့သည် ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး တိုက်ခိုက်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ကြကာ အကျိုးဆက်အနေဖြင့် ၎င်းတို့ကို မူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်မှ

ဖယ်ရှားခဲ့ကြသည်။ တာလီဘန်များက ဖွဲ့စည်းပုံအခြေခံဥပဒေသည် တရားဝင်မှုမရှိဟု ပြောဆိုခဲ့ကြသော်လည်း ပြဋ္ဌာန်းချက်တစ်စုံတစ်ရာကို ဆန့်ကျင်သည့် ခိုင်လုံသော မကျေနပ်ချက်များကို ထုတ်ပြန်ခြင်း မရှိခဲ့ပေ။

အမျိုးမျိုးသောပြဿနာများနှင့် စိန်ခေါ်မှုများကိုကြုံတွေ့ခဲ့ရပြီး လတ်တလော ရွေးကောက်ပွဲများနှင့် ပတ်သက်သည့် အငြင်းပွားမှုများ ရှိခဲ့သော်ငြားလည်း ယခုအချိန်ထိ နိုင်ငံ၏သမိုင်းကြောင်းတစ်လျှောက်တွင် ၂၀၀၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အသက်ဝင်တည်မြဲမှု အကြာမြင့်ဆုံးနှင့် အအောင်မြင်ဆုံး ဖြစ်ပေသည်။

## နီပေါနိုင်ငံ

(Purna Man Shakya တင်ဆက်ဆွေးနွေးသည်)

၁၉၅၉ ခုနှစ်တွင် နီပေါနိုင်ငံ၌ အကြွင်းမဲ့ သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်ကို ဖျက်သိမ်းပြီးနောက် တော်ဝင်အမိန့်တော်ဖြင့် ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ၆ ခု ရှိလာခဲ့သည်။ လက်ရှိအချိန်တွင် ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်သွင်းကျင့်သုံးလျက်ရှိသည်။ နောက်ဆုံးပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသည် တော်ဝင်အမိန့်တော်ဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်သည့် ပထမဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းကြောင်းမှ လုံးဝသီးခြားကွဲထွက်လျက်ရှိသည်။ အပြီးသတ်အတည်ပြု ပြဋ္ဌာန်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မူကြမ်းရေးဆွဲရန်တာဝန်ရှိသော အဖွဲ့ဝင် ၆၀၁ ဦး ပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့ကို ရွေးကောက်တင်မြှောက်မည့် ရွေးကောက်ပွဲကို ၂၀၀၈ ခုနှစ် ဧပြီလတွင် ကျင်းပပြီးချိန်မှစတင်ကာ မူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်လျက်ရှိဆဲပင် ဖြစ်သည်။ မတည်ငြိမ်မှုများနှင့် နိုင်ငံရေးတိုက်ပွဲများကြောင့် လုပ်ငန်းစဉ်သည်နှောင့်နှေးခဲ့ရပြီး သတ်မှတ်လုပ်ငန်းကာလကို အကြိမ်ပေါင်းများစွာ တိုးမြှင့်ခဲ့ကြသည်။ လုပ်ငန်းစဉ်တွင် နှောင့်နှေးလမ်းချော်မှုများမရှိဘဲ ယုံကြည်လက်ခံနိုင်ဖွယ် အဓိပ္ပါယ်လေးနက်ပြည့်ဝသည့် သတ်မှတ်လုပ်ငန်းကာလချမှတ်ရန် ခက်ခဲမှုကိုပြသရန်အတွက် နီပေါနိုင်ငံ၏ဖြစ်ရပ်ကို သာဓကအဖြစ် ထပ်ဖန်တလဲလဲ ဖော်ပြခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေညီလာခံသည် ဥပဒေပြုရေးလွှတ်တော်အဖြစ်ပါ ဆောင်ရွက်ခဲ့ရသည့်အချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်အတွက် အနှောင့်အယှက်တစ်ခု ဖြစ်လာခဲ့သည်။ ထိုအချိန်က အဆိုပါဆုံးဖြတ်ချက်ကို အရှေ့တီမောနိုင်ငံ၏ အတွေ့အကြုံဖြတ်သန်းမှုအပေါ် အခြေခံကာ ချမှတ်ခဲ့ခြင်းဖြစ်သည်။

ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အလွန်အမင်းအသေးစိတ်ပြီး ဘက်စုံငြိမ်းချမ်းရေးသဘောတူညီမှု၏ အကြောင်းအရာများကိုလည်း နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြထားသည်။ ဤသို့ ရေးဆွဲဖွဲ့စည်းရသည့်အကြောင်းရင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများအနေဖြင့် အဆိုပါ သက်ဆိုင်ရာအချက်များအားလုံးကို လိုက်နာဆောင်ရွက်မှုရှိစေရန် ဖြစ်သည်။ ဖက်ဒရယ်စနစ်နှင့် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်းတို့သည် အဓိကအကြောင်းကိစ္စရပ်များ ဖြစ်လာခဲ့သည်။ တိုင်းရင်းသားအသိုက်အဝန်းများနှင့် ၎င်းတို့မှီတင်းနေထိုင်သည့် နယ်မြေများအတွက် လုပ်ပိုင်ခွင့်

အာဏာများ မပျက်မကွက်ပေးအပ်ခြင်းရှိစေရန်အလို့ငှာ ဖက်ဒရယ်နိုင်ငံတော်ကို ပြန်လည်တည်ထောင်ခြင်းနှင့် အာဏာခွဲဝေခြင်းတို့ကို ထည့်သွင်းပြဋ္ဌာန်းပေးရန် တောင်းဆိုမှုများ ရှိခဲ့သော်လည်း ဖက်ဒရယ်နိုင်ငံတော်တွင် ထည့်သွင်းဖွဲ့စည်းမည့် ပြည်နယ်အရေအတွက် အတိအကျသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားနေဆဲဖြစ်ပြီး ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်ကဲ့သို့သော ပြည်နယ်မျိုးကို ဖွဲ့စည်းရမည်ဟူသော အကြောင်းကို အတိအကျဖော်ပြထားခြင်း မရှိပေ။

ရွေးချယ်တင်မြှောက်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့ကို အမျိုးသမီးများ၊ မျိုးနွယ်စုဝင် ပုဂ္ဂိုလ်များနှင့် တောင်ပိုင်းနယ်စပ်မှ လူမျိုးများ၏ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသောကြောင့် အားလုံးအကျုံးဝင် ပါဝင်မှုရှိကြောင်းကို တွေ့မြင်နိုင်သည်။ သို့ဖြစ်စေကာမူ အားလုံးသည် ငြိမ်းချမ်းရေးကိုဖော်ဆောင်ရန် လိုလားကြသော်လည်း မော်ဝါဒီများနှင့် အာဏာရပါတီများကြားတွင် မတိုးသာမဆုတ်သာ အခြေအနေတစ်ခုကျန်ရှိနေခဲ့သည်။ အငြင်းပွားမှု၏ အဓိက အကြောင်းအရာများမှာ ဗဟိုအာဏာချုပ်ကိုင်မှုကို လျှော့ချရေးနှင့် ဖွဲ့စည်းသွားမည့် ပြည်နယ်အရေအတွက်ပင်ဖြစ်သည်။ အာဏာရပါတီများသည် လက်ရှိဖွဲ့စည်းပုံအတိုင်း ဆက်လက်ထားရှိလိုပြီး မော်ဝါဒီများအနေဖြင့်မူ သိသာထင်ရှားသော ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို တွေ့မြင်လိုကြသည်။

ခိုင်မာကောင်းမွန်သော ပြဋ္ဌာန်းချက်အဖြစ် အကျယ်တပြန့် ချီးမွမ်းခဲ့ကြသည့် ၁၉၉၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှ အတွေ့အကြုံကိုအရင်းခံ၍ အရေးပါအရာရောက်သည့် စိုးရိမ်ပူပန်မှုတစ်ရပ် ပေါ်ထွက်လာခဲ့သည်။ သို့ရာတွင် အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေသည် အခက်အခဲများစွာဖြင့် ကြုံတွေ့ခဲ့ရပြီး ခြောက်နှစ်အတွင်းတွင် ပြည်သူလူထု နှစ်ခြိုက်လက်ခံမှုကို အကြီးအကျယ်ဆုံးရှုံးကာ ဌာနေတိုင်းရင်းသား အသိုက်အဝန်းများကို ဖယ်ကြဉ်ဖိနှိပ်ထားပြီး အထက်တန်းလွှာများအတွက် အကျိုးအမြတ်များ ရရှိစေသည်ဟု ရှုမြင်ခဲ့ကြသည်။

## *ဆိုမားလီးယားနိုင်ငံ*

(Adam-Shirwa Jama ဆွေးနွေးတင်ပြသည်)

ဆယ်စုနှစ်များစွာ ပြည်တွင်းစစ်များ ဖြစ်ပွားပြီးနောက် ယခုအခါ ဆိုမားလီးယားနိုင်ငံသည် ယာယီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သော်ငြားလည်း စစ်မှန်သော နိုင်ငံရေးပါတီများသို့မဟုတ် အခြေခံအုတ်မြစ် ခိုင်မာတောင့်တင်းသော အရပ်ဘက်လူမှုအဖွဲ့အစည်းအဖြစ် ပြောင်းလဲတိုးတက်ခြင်း မရှိသေးသောကြောင့် ငြိမ်းချမ်းရေးမရရှိနိုင်သေးဘဲ စစ်ဘုရင်ဝါဒ ဆက်လက်ကျန်ရှိနေဆဲ ဖြစ်သည်။ ဆိုမားလီးယားနိုင်ငံတွင် အယ်လ်ကိုင်ဒါနှင့် ဆက်နွယ်နေသော အယ်လ်ရှာဘတ်အဖွဲ့အစည်းများ ထွက်ပေါ်လာသောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးတွင် နယ်မြေစည်းလုံးညီညွတ်မှုသည် အဓိကစိန်ခေါ်မှု ဖြစ်လာခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းသည် စစ်မက်ဖြစ်ပွားနေသူများအကြား ရင်ကြားစေ့ညှိနှိုင်းရေးတွင် လမ်းညွှန်ပေးခြင်းနှင့် ငွေကြေးထောက်ပံ့ပေးခြင်းတို့ဖြင့် ၂၀၁၀-၁၂ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါဝင်ခဲ့ကြသည်။ ဤလုပ်ငန်းစဉ်သည် မူလက အပြီးသတ်အတည်ပြု ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ဖော်ဆောင်ပေးရန် ရည်ရွယ်ထားခဲ့သော်လည်း ဆုံးဖြတ်ချက်ချမှတ်မှုများအပေါ် ဩဇာလွှမ်းမိုးနိုင်သည့် သက်ဆိုင်ရာ

အဖွဲ့အစည်းများအားလုံးကို စေ့စပ်ညှိနှိုင်းရေး စကားဝိုင်းတွင် ပါဝင်စေကာ ဆိုမားလီးယားနိုင်ငံသား အားလုံးက ထောက်ခံနိုင်သည့် အပြီးသတ်အတည်ပြု ပြဋ္ဌာန်းချက်ကို ပြဋ္ဌာန်းရေးဆွဲနိုင်ရန် မဖြစ်နိုင်ခဲ့ပေ။

နိုင်ငံ၏ သဘာဝသယံဇာတများကို အချို့သောမျိုးနွယ်စုများက ထိန်းချုပ်ထားကြရာ နိုင်ငံတွင်း ဂိုဏ်းဂဏအသီးသီး ကွဲပြားနေမှုများအတွက် ဖက်ဒရယ်စနစ်အား တစ်ခုတည်းသော ဖြေရှင်းချက်တစ်ခုအဖြစ် ရှုမြင်ခဲ့ကြသည်။ မျိုးနွယ်စုကြီး ၄ ခုနှင့် အခြားမျိုးနွယ်စုငယ်များကြားတွင် ၄.၅ အာဏာခွဲဝေရေး သဘောတူညီချက်ဟု အမည်တွင်သည့် သဘောတူညီမှုတစ်ခုကို ရယူနိုင်ခဲ့သည်။ သို့သော်လည်း ပြဿနာတစ်ရပ်မှာ ယာယီ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်အစိုးရနှင့် ဖက်ဒရယ်ပြည်နယ် အသီးသီးအတွက် လုပ်ပိုင်ခွင့်အာဏာများကို တိတိကျကျ ပြဋ္ဌာန်းထားခြင်းမရှိသကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတိုင်းအတာ အသီးသီး ရရှိနိုင်သည့် နယ်မြေများကိုလည်း သတ်မှတ်ပေးထားခြင်း မရှိခဲ့ပေ။ အဆိုပါ ဆုံးဖြတ်ချက်များကြောင့် နောင်တွင်ဆောင်ရွက်မည့် ညှိနှိုင်းဆွေးနွေးမှုများကို ရွှေ့ဆိုင်းခဲ့ကြရသည်။ အခြားသော ပြဿနာတစ်ရပ်မှာ ၁၉၉၁ ခုနှစ်တွင် လွတ်လပ်ရေး ရရှိခဲ့သော ဆိုမာလီလန်းဒ်နိုင်ငံသည် လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှု မရှိခဲ့ခြင်းပင်ဖြစ်သည်။ မိုဂါဒီရှူ၏ အကြောင်းပြချက်မှာ တည်ငြိမ်မှုအသွင်ကိုရရှိလာသည်နှင့် တစ်ပြိုင်နက် ဆိုမာလီလန်းဒ်နိုင်ငံသည် ဆွေးနွေးမှုများတွင် ပါဝင်လာလိမ့်မည် ဖြစ်သည်။

ယာယီ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါတီများအားလုံး ပါဝင်ခြင်းမရှိဘဲ ငြိမ်းချမ်းရေးကိုလည်း ဖော်ဆောင်နိုင်ခြင်း မရှိခဲ့ပေ။ ရှင်းလင်းပြတ်သားသော ဝါဒရေးရာကွဲပြားမှုများ မရှိသည့် အခြေအနေတွင် နိုင်ငံရေးဆုံးဖြတ်ချက် ချမှတ်မှုများအပေါ် ဩဇာလွှမ်းမိုးနိုင်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများကို ဖော်ထုတ်သတ်မှတ်ခြင်းသည်ပင် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနိုင်သည်။ တစ်ခုတည်းသော ရှင်းလင်းပြတ်သားသည့် နိုင်ငံရေးအင်အားစုမှာ လုပ်ငန်းစဉ်တွင်ပါဝင်ခြင်းမရှိသော အယ်လ်ရှာဘတ် အဖွဲ့အစည်းဖြစ်ပြီး ၎င်းတို့ပါဝင်လာခြင်းသည်လည်း မည်သည့်နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်မျိုးကိုမဆို ရရှိနိုင်ရန်ဆောင်ရွက်ရာ၌ အဟန့်အတား ဖြစ်လာနိုင်သည်မှာ စင်စစ်အမှန်ပင် ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ ငြိမ်းချမ်းရေးသဘောတူညီမှုသည် ဖက်ဒရယ်စနစ်အပေါ် အခြေခံထားသောကြောင့် အယ်လ်ရှာဘတ်အဖွဲ့အစည်း ပါဝင်ခြင်းမရှိသည့်တိုင် ငြိမ်းချမ်းရေး သဘောတူညီမှုကိုရယူနိုင်မည် ဖြစ်ပေသည်။ အယ်လ်ရှာဘတ် အဖွဲ့အစည်းသည် ကမ္ဘာ့ဂျီဟတ် ဝါဒီများဖြစ်ကြပြီး ၎င်းတို့သည် အချုပ်အခြာအာဏာရရှိရေးအတွက် ဆန္ဒပြုအားထုတ်မှု မရှိကြပေ။ အထူးသဖြင့် နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူများအားလုံးကို ပါဝင်စေလိုသည့်နည်းဟန်ကြောင့် ဆိုမားလီးယားနိုင်ငံတွင် အယ်လ်ရှာဘတ်အဖွဲ့အစည်း၏ အခန်းကဏ္ဍသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်ကို ရှုပ်ထွေးမှုများ ဖြစ်လာစေသည်။

အပြီးသတ်အတည်ပြု ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းထားခြင်း မရှိသည့်အခြေအနေတွင် ယာယီ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တရားဝင်မှုကို အနီးစပ်ဆုံးရရှိနိုင်မည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း ရှုမြင်လာခဲ့ကြသည်။ ၂၀၁၂ ခုနှစ်တွင် နိုင်ငံတကာ အသိုက်အဝန်းက ၁၂ နှစ်ကြာ အသွင်ကူးပြောင်းရေးကာလသည် ပြီးဆုံးပြီဖြစ်ကြောင်း ကြေညာခဲ့ပြီး တရားဝင် အင်စတီကျူးရှင်း

များ ဖွဲ့စည်းထားခြင်းမရှိဘဲ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသော်ငြား ဆိုမားလီးယားအစိုးရကို အသိအမှတ်ပြုခဲ့ကြသည်။

## *လစ်ဗျားနိုင်ငံ*

(Mohamed Elghannam မှ ဆွေးနွေးတင်ဆက်သည်)

တော်လှန်ရေး ပြီးဆုံးပြီးနောက် ချက်ချင်းဆိုသလိုပင် ကဒါဖီ ဆန့်ကျင်ရေးအတိုက်အခံအဖွဲ့များသည် အမျိုးသားအသွင်ကူးပြောင်းရေး ကောင်စီ (NTC) ကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို ရရှိခဲ့ကြသည်။ NTC သည် ပါတီစုံဒီမိုကရေစီစနစ်ကိုဖွဲ့စည်းရန် ရည်ရွယ်သည့် အသွင်ကူးပြောင်းရေးအဆင့်ကာလအတွက် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် အသုံးပြုမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပဋိညာဉ်ကို ရေးဆွဲခဲ့ကြသည်။ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေအရ NTC သည် အိမ်စောင့်အစိုးရတစ်ရပ်ကို တင်မြှောက်ခဲ့ပြီး ဥပဒေပြု အာဏာပိုင်အဖွဲ့အစည်းအသစ် တစ်ခုဖြစ်သည့် အထွေထွေအမျိုးသားကွန်ဂရက် (GNC) ကိုဖွဲ့စည်းရန် ရွေးကောက်ပွဲများကို စီစဉ်ကျင်းပခဲ့သည်။ GNC သည် ဝန်ကြီးအဖွဲ့နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့ကိုဖွဲ့စည်းရန်အတွက် အချိန်တစ်လရရှိခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ဆန္ဒပြမှုများ ပြီးနောက်တွင် ဒေသ ၃ ခုမှ ကိုယ်စားလှယ် ၂၀ ဦးစီဖြင့် အဖွဲ့ဝင် ၆၀ ဦးပါဝင်သော လွှတ်တော်တစ်ရပ်ကို ဖွဲ့စည်းရန်နှင့် ထိုအဖွဲ့ဝင်များတွင် အမျိုးသမီးများနှင့် လူနည်းစုတိုင်းရင်းသားများပါဝင်နိုင်ရန် အဖွဲ့ဝင်နေရာများ သီးသန့်သတ်မှတ်ပေးထားခြင်းများ ပါရှိရမည်ဟု သဘောတူညီမှုရရှိခဲ့ကြသည်။ မူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်တွင် အဆက်မပြတ်ဖြစ်ပေါ်နေသည့် နှောင့်နှေးမှုများကို ဖြေရှင်းရန်အတွက် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခုနစ်ကြိမ်တိုင်အောင် ပြင်ဆင်ခဲ့ရသည်။

ကောင်းစွာရေးဆွဲထားခြင်းမရှိသော ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်သည် လက်ရှိဖြစ်ပွားနေသော အရေးအခင်း၏ အဓိက အရင်းခံအကြောင်းအရင်းတစ်ရပ်ပင် ဖြစ်သည်။ အသွင်ကူးပြောင်းခြင်းအတွက် လမ်းပြမြေပုံတစ်ခုဖြစ်သည့် အချက် ၃၇ ချက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေကြေညာချက်ကို ပြည်တွင်းနှင့် ပြည်ပမှ အကျိုးသက်ဆိုင်သူများအားလုံးကို အာမခံချက်ပေးနိုင်ရန်ရည်ရွယ်ကာ ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ အဆိုပါ ကြေညာချက်သည် ရှရီယာ အက်ဥပဒေကို တရားဥပဒေများ၏ အဓိကရင်းမြစ်အဖြစ် အသိအမှတ်ပြုပြီး လူနည်းစုအဖွဲ့အစည်းများအတွက် အခွင့်အရေးပြဋ္ဌာန်းချက်များနှင့် အကာအကွယ်များကို ပြဋ္ဌာန်းထားကာ (ကဒါဖီလက်ထက်တွင် ပိတ်ပင်ခံထားရသော) နိုင်ငံရေးပါတီများကို တရားဝင်ခွင့်ပြုပေးခဲ့သည်။ မူဝါဒအားဖြင့် ကြီးမားသော ပြောင်းလဲမှုများ ရှိလာသော်ငြားလည်း NTC သည် နိုင်ငံကို စီမံကွပ်ကဲရန်အတွက် ပြဋ္ဌာန်းချက်များ ချမှတ်နိုင်ခြင်း မရှိခဲ့ပေ။ ဤကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်သည် အရှေ့အလယ်ပိုင်း/မြောက်အာဖရိက ဒေသများ၏ အာဏာရှင်စနစ်မှ အာဏာခွဲဝေရေးစနစ်သို့ အသွင်ကူးပြောင်းရေးဆိုင်ရာ အတွေ့အကြုံများကို အခြေခံထားခြင်းဖြစ်သည်။ သို့သော်ငြားလည်း အမျိုးသားနိုင်ငံရေးပါတီများမပါရှိသောကြောင့် ပါလီမန်စနစ်ကိုဖွဲ့စည်းရန်အတွက် အခြေခံအုတ်မြစ်မရှိခဲ့ပေ။ အလား

တူပင် ရွေးကောက်ပွဲများသည် နိုင်ငံရေးမတည်ငြိမ်မှုများအတွက် အလုံးစုံဖြေရှင်းနည်း ဖြစ်သည် ဟူသော ယူဆချက်ကြောင့် နက်နဲရှုပ်ထွေးသော ပြဿနာများကို ပေါ်ပေါက်လာစေနိုင်ကြောင်း သိရှိခဲ့ရသည်။ အသွင်ကူးပြောင်းရေးဖြစ်စဉ်သည် နိုင်ငံ၏ နိုင်ငံရေးထုံးတမ်းစဉ်လာများနှင့် ချိတ်ဆက်နိုင်ရန် ကျရှုံးခဲ့ရသည်။

ပြည်နှင်ဒဏ်ခံရသူများစွာနှင့် ဖွဲ့စည်းထားသော NTC ၏ အဓိက ဦးတည်ချက်သည် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုရရှိရန်သာဖြစ်ပြီး ထိုအတွက်ကြောင့်ပင် နိုင်ငံတွင်း အသိမှတ်ပြုတရားဝင်မှုကို ဆုံးရှုံးနစ်နာခဲ့ရသည်။ လုပ်ငန်းစဉ်ကာလကို အလွန်အမင်းအချိန်ချုံ့ကာ ယုံကြည်လက်ခံနိုင်ဖွယ်မရှိသည့် ကာလအတွင်း ဆောင်ရွက်ခဲ့သောကြောင့် ပါလီမန်သည် တရားဝင်မှုကို ဆုံးရှုံးခဲ့ပြီး ဤသို့ဆုံးရှုံးခြင်းသည် နိုင်ငံအနေဖြင့် ကြုံတွေ့နေရသည့် တရားဝင်မှုမရှိခြင်းပြဿနာကို ပိုမိုဆိုးရွားစေခဲ့သည်။ အဓိကပြဿနာမှာ ယခုအခါ၌ လစ်ဗျားနိုင်ငံတွင် တိုဘရွတ်တွင်ရှိသော (NTC) နှင့် ဘန်ဟာဇီတွင် ရှိသော အစ္စလာမ်လူမျိုးများနှင့် ဆက်နွှယ်နေသည့် မိစ္ဆူရာတာမဟာမိတ်အဖွဲ့ ဟူ၍ စင်ပြိုင် အစိုးရနှစ်ရပ်နှင့် ပါလီမန်နှစ်ရပ် ရှိနေခြင်းပင် ဖြစ်သည်။

## *တောင်ဆူဒန်နိုင်ငံ*

(Sumit Bisarya ဆွေးနွေးတင်ဆက်သည်)

၂၀၁၁ ခုနှစ်တွင် စီစဉ်ပြုလုပ်ခဲ့သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၏ မဲရလဒ်များအရ ဆူဒန်နိုင်ငံမှ ခွဲထွက်ပြီးနောက်တွင် ၂၀၀၅ ခုနှစ် တောင်ဆူဒန် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ထားသော မူဖြစ်သည့် ဆူဒန်နိုင်ငံ အသွင်ကူးပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ အာဏာရ ဆူဒန်ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှုပါတီ (SPLM) က ဤလုပ်ငန်းစဉ်သည် ခါတွန်မြို့ (ဆူဒန်နိုင်ငံ၏ မြို့တော်) ကို ဂျူဘာမြို့ (တောင်ဆူဒန်နိုင်ငံ၏ မြို့တော်) ဖြင့် အစားထိုးပြောင်းလဲခြင်းမှအပ သိသာထင်ရှားသော အပြောင်းအလဲ မရှိသလောက်ဖြစ်သည့် အရေးမပါလှသော ဆောင်ရွက်ချက်တစ်ခုသာဖြစ်ကြောင်းကြေညာခဲ့သည်။ သို့သော်လည်း အသွင်ကူးပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဂျူဘာမြို့၌ ဒုတိယလွှတ်တော်တစ်ရပ် တည်ထောင်ခြင်း၊ သမ္မတ၏ လုပ်ပိုင်ခွင့်များကို အမြောက်အမြား မြှင့်တင်ခြင်းနှင့် အာရေဗျဘာသာစကားကို နိုင်ငံတော်ဘာသာစကားတစ်ခုအဖြစ်မှ ဖယ်ရှားခြင်းတို့ အပါအဝင် အခြားအရေးကြီးသော ပြောင်းလဲမှုများလည်း ပါဝင်လာခဲ့သည်။ အသွင်ကူးပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အပြီးသတ်အတည်ပြုမည့်မူကြမ်းကို သမ္မတက ခန့်အပ်ထားသည့် အမျိုးသား ဖွဲ့စည်းပုံအခြေခံဥပဒေ စိစစ်ရေးကော်မရှင်က ရေးဆွဲသွားရမည် ဖြစ်သည်။ အဆိုပါမူကြမ်းကို သမ္မတ (နှစ်ကြိမ်)၊ ဖွဲ့စည်းပုံအခြေခံဥပဒေညီလာခံနှင့် အမျိုးသား ဥပဒေပြုလွှတ်တော်မှ ပြန်လည်စိစစ်သုံးသပ်ရမည် ဖြစ်သည်။

အစိုးရသည် အသွင်ကူးပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲရန် တာဝန်ရှိသော ကော်မရှင်၌ SPLM အဖွဲ့ဝင် ၂၂ ဦး နှင့် ဤလုပ်ငန်းစဉ်ကို ကန့်ကွက်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်တစ်ဦး အပါအဝင် အဖွဲ့ဝင် ၂၃ ဦးကို ခန့်အပ်ခဲ့သည်။ နောက်ပိုင်းတွင် အဖွဲ့ဝင် ၅၇ ဦး

အထိ တိုးမြင့်လာခဲ့ကာ ဖွဲ့စည်းပုံအခြေခံဥပဒေပြုရေးတွင် SPLM အဖွဲ့ဝင်ဦးရေသည် ထောက်ခံမဲ ရရှိရမည့် အရေအတွက်ထက် အများအပြားပါရှိသောကြောင့် အတိုက်အခံ အဖွဲ့ဝင်များသည် အဆိုပါ လုပ်ငန်းစဉ်မှ ထွက်ခွာသွားခဲ့ကြသည်။ ဤလုပ်ငန်းစဉ်တွင် နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများ ကို ချန်လှပ်ထားခဲ့ပြီး ဤသို့ချန်လှပ်ထားမှုကို မည်သည့်အတွက်ကြောင့် ကန့်ကွက်ငြင်းဆန်မှု အများ အပြား မရှိခဲ့ကြောင်းကိုမူ သဲကွဲစွာ သိရှိရခြင်း မရှိပေ။

အရေးကြီးသည်မှာ အမျိုးသားဖွဲ့စည်းပုံအခြေခံဥပဒေ စိစစ်ရေးကော်မရှင်ဥက္ကဋ္ဌက ကော်မရှင် အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အသွင်ကူးပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ အခြေခံ ရမည်ဖြစ်ပြီး အဖွဲ့ဝင်များအကြား သဘောတူညီမှုရရှိပြီးမှသာလျှင် ပြောင်းလဲပြင်ဆင်မှုများ ဆောင် ရွက်သင့်ကြောင်း ကြေညာခဲ့သည်။ ဤနည်းအားဖြင့် အားလုံးအကျုံးဝင်ပါဝင်မှုမရှိသော ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေပြုရေးလုပ်ငန်းစဉ်များအရ ပေါ်ထွက်လာသောပြဋ္ဌာန်းချက်များသည် ပို၍ပင် ကြာရှည်တည်မြဲမှု ရှိခဲ့သည်။

SPLM သည် ၎င်း၏ တရားဝင်မှုကို စစ်ရေးနှင့် လွတ်တော်နိုင်ငံရေး အောင်မြင်မှုများအပေါ် တွင် အခြေခံထားသည်။ သို့ရာတွင် ၎င်းတို့သည် (၁) အပြည့်အဝ ကိုယ်စားပြုပါဝင်မှု ရှိစေရန် ရည်ရွယ်ထားသော မူကြမ်းရေးဆွဲသည့် ကော်မတီ၌ ရာထူးခန့်အပ်ရေးများနှင့် ပတ်သက်၍သော် လည်းကောင်း၊ (၂) လုပ်ငန်းစဉ်အတွက် လုပ်ငန်းကာလသတ်မှတ်ပုံနှင့် ပတ်သက်၍သော်လည်း ကောင်း ဆောင်ရွက်ရာတွင် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာကို အလွန်အကြူးကျော်လွန်၍ ဆောင်ရွက် ခဲ့ကြသည်။ အပြီးသတ်အတည်ပြုမည့် မူကြမ်းကိုပြီးစီးရန် သတ်မှတ်ထားသောအချိန်ကို ထပ်ဖန်တ လဲလဲ တိုးမြှင့်ခဲ့ပြီး SPLM အတွင်း ကွဲထွက်မှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ကာ လုပ်ငန်းစဉ်သည် ရပ်တန့်ခဲ့ရသည်။

## *တောင်အာဖရိကနိုင်ငံ*[၃]

ဆယ်စုနှစ်များစွာ အကြမ်းဖက်မှုများနှင့် ဖိနှိပ်မှုများကိုကြုံတွေ့ခဲ့ရပြီးနောက် လူမျိုးရေး ခွဲခြားမှုရှိသော နိုင်ငံရေးစနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ အသွင်ကူးပြောင်းရန် ဆွေးနွေးညှိနှိုင်း မှုများကို နိုင်ငံရေးပါတီများစွာ၊ ဘန်တူစတန်ခေါင်းဆောင်များနှင့်အတူ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ တွင် ဒီမိုကရက်တစ် တောင်အာဖရိကနိုင်ငံ ဖြစ်မြောက်ရေး ညီလာခံ (CODESA) ၌ တရားဝင် စတင် ခဲ့ကြသည်။

၁၉၉၂ ခုနှစ် ဇွန်လတွင် CODESA သည် ပျက်ပြားခဲ့သော်လည်း အာဏာရ အမျိုးသားပါတီ အစိုးရ (NP) နှင့် အာဖရိကန် အမျိုးသားကွန်ဂရက် (ANC) တို့အကြား သီးသန့်ပြောဆိုဆွေးနွေးမှု များမှတစ်ဆင့် သဘောတူညီမှုမှတ်တမ်းတစ်ခုကို ရရှိခဲ့ကြသည်။ ၎င်းသဘောတူညီမှုမှတ်တမ်းတွင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေညီလာခံကို ဖွဲ့စည်းရ မည့်အချိန်ကာလကို သတ်မှတ်ထားပြီး အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ကို

---

၃ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ချမှတ်ကျင့်သုံးခြင်း ပါဝင်သည့် စံနမူနာယူသင့်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ရေး လုပ်ငန်းစဉ်အဖြစ် အရေးပါသောကြောင့် ဤတွင် ထည့်သွင်းဖော်ပြထားခြင်း ဖြစ်သည်။

စီမံအုပ်ချုပ်ရန်အတွက် ကြားကာလအမျိုးသားညီညွတ်ရေး အစိုးရတစ်ရပ် (GNU) ဖွဲ့စည်းရန် သဘောတူညီခဲ့ကြသည်။ ငါးနှစ်ကြာ အုပ်ချုပ်ခဲ့သော GNU တွင် ဒီမိုကရက်တစ် ဆန္ဒမဲ ၅ ရာခိုင်နှုန်း အထက်ရရှိသော နိုင်ငံရေးပါတီများအားလုံး ပါဝင်ခဲ့ကြပြီး ညွန့်ပေါင်းအစိုးရဖွဲ့ကာ လူများစုအခြေခံ အုပ်ချုပ်ရေး (majority rule) အဖြစ်သို့ တဖြည်းဖြည်းအသွင်ကူးပြောင်းလာနိုင်ရန် ခွင့်ပြုပြဋ္ဌာန်းခဲ့ သည်။ ဤပြဋ္ဌာန်းချက်သည် အာဏာမရှိသော လူနည်းစုအသစ်တစ်ရပ်အနေဖြင့် နိုင်ငံရေးအရ ဖယ် ကျဉ်ခံရမည်ကို စိုးရိမ်နေသည့် NP ၏ ပူပန်မှုများကို ပြေလျော့စေနိုင်ခဲ့သည်။ ANC နှင့် NP တို့သည် ကိစ္စအရပ်ရပ်ကို ပါတီစုံ ညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းစဉ်တွင်မဖော်ပြမီ ဦးစွာ နှစ်ဦးနှစ်ဖက် သဘောမျှ မှုရယူရန်လည်း သဘောတူညီခဲ့ကြသည်။

ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကျင့်သုံးရန်ဆုံးဖြတ်ချက်မှာ ညှိနှိုင်းဆွေးနွေး မှုများအတွက် အဟန့်အတားတစ်ခု ဖြစ်လာခဲ့သည်။ ကနဦးတွင် ANC သည် အပြီးသတ်အတည်ပြု ပြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မူကြမ်းရေးဆွဲနေစဉ် ကြားကာလအတွင်း ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုအသုံးပြုရန် ကန့်ကွက်ခဲ့ပြီး ၎င်းအစား ဥပဒေအမိန့်ဖြင့်သာ စီမံအုပ်ချုပ်ရန် ငြင်းခုံ ဆွေးနွေးခဲ့သည်။ သီးသန့်ဆွေးနွေးပွဲများ၌ စေ့စပ်ညှိနှိုင်းရာတွင် မတိုးသာမဆုတ်သာ အခြေအနေ များကို ကျော်လွှားရန်အတွက်မတတ်သာ၍ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျင့်သုံးရန် လိုက်လျောခဲ့ရခြင်းသာ ဖြစ်ပေသည်။

၁၉၉၃ ခုနှစ်တွင် ပါတီစုံညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းစဉ်မှတစ်ဆင့် ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲနိုင်ခဲ့ပြီး ၎င်းသည် နိုင်ငံရေးပြေလည်မှုရရှိရန်အတွက် အခြေခံအားဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကဲ့သို့ ဖြစ်သည်။ NP နှင့် ANC တို့က 'လုံလောက်ပြည့်စုံ သော သဘောတူလက်ခံမှု' ရရှိရေး ဆွေးနွေးခြင်းလုပ်ငန်းစဉ်ကိုဆောင်ရွက်၍ ဖော်ထုတ်ချမှတ်ခဲ့ပြီး အပြီးသတ်အတည်ပြု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ပြဋ္ဌာန်းချက်တွင် ထည့်သွင်းဖော်ပြမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အခြေခံမူ ၃၄ ချက်ကို အဆိုပါ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြခဲ့သည်။ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အပြီးသတ်အတည်ပြု ကျင့်သုံး မည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို နှစ်နှစ်အတွင်းရေးဆွဲရန် တာဝန်ရှိသည့် အဖွဲ့ဝင် ၄၉၀ ဦး ပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့ကိုလည်း ဖွဲ့စည်းချမှတ်ခဲ့သည်။

ဤလုပ်ငန်းစဉ်တွင် ပြည်သူတစ်ရပ်လုံး အကျုံးဝင်ပါဝင်မှုအတွက် သီးသန့်ချမှတ်ထား သည့် တရားဝင် လုပ်ထုံးလုပ်နည်းများမပါရှိသော်လည်း မူကြမ်းရေးဆွဲစဉ်ကာလအတွင်း - ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ စဉ်ဆက်မပြတ် ပါဝင်ဆွေးနွေးပြောဆိုမှု အသွင်သဏ္ဌာန်တစ်ရပ်ဖြစ်သော - လမ်းမများပေါ်၌ ပြည်သူလူထု၏ အုံကြွလှုပ်ရှားမှုများသည် တရားဝင်ပါဝင်ဆောင်ရွက်ပိုင်ခွင့် မရရှိ သည့်အတွက် အစားထိုးဆောင်ရွက်သည့်နည်းလမ်း ဖြစ်လာခဲ့သည်။ ညှိနှိုင်းဆွေးနွေးမှု စကားဝိုင်း တွင် သဘောတူညီမှုမရရှိသည်များကို လမ်းမများပေါ်၌ လှုပ်ရှားမှုများဆောင်ရွက်၍ ကြိုးပမ်းရယူခဲ့ ကြသည်။ မူကြမ်းရေးဆွဲနေစဉ်အတွင်း အကြမ်းဖက်မှုပမာဏသည် တိုးမြင့်လိုက် လျော့ကျလိုက် ဖြစ်နေခဲ့သည်။ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားဝင်မှုသည် အင်အားတောင့်တင်းခိုင်မာ သော နိုင်ငံရေးအင်အားစုများကို ကိုယ်စားပြုမှုရှိခြင်းအပေါ်တွင် မူတည်ခဲ့သည်။ အဆုံးသတ်ဖော်ပြ

လိုသည်မှာ - အပြီးသတ်အတည်ပြုမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံမူ ၃၄ ချက်ဖြင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးရန် တာဝန်ရှိသည့် - ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏အခန်းကဏ္ဍသည် အရေးပါသောဘေးဆီးရန်ကာ ယန္တရားပင်ဖြစ်သည်။

# နောက်ဆက်တွဲ ၂ – ပါဝင်တက်ရောက်သူများ စာရင်း

- Yussef Auf – အရှေ့အလယ်ပိုင်း အတ္တလန်တိတ်ကောင်စီ Rafi Hariri Center မှ အီဂျစ်တရားသူကြီးနှင့် အဝေးရောက် သုတေသီ
- Christine Bell – အီဒင်ဘာ့ဂ်ဥပဒေကျောင်းမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပါမောက္ခ
- Sumit Bisarya – International IDEA မှ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းအစီအစဉ်၏ အကြီးတန်းအစီအစဉ်မန်နေဂျာနှင့် ဌာနေအကြီးအကဲ
- Markus Bökenförde – Duisburg တက္ကသိုလ်မှ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းသုတေသနစင်တာ၏ အလုပ်အမှုဆောင်ဒါရိုက်တာနှင့် အကြီးတန်းသုတေသီ
- Michele Brandt – Interpeace မှ ငြိမ်းချမ်းရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း အစီအစဉ်၏ ဒါရိုက်တာ
- Elliot Bulmer – International IDEA ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း အစီအစဉ်၏ အစီအစဉ်အရာရှိ
- Javier Couso – ချီလီ Diego Portales တက္ကသိုလ်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအစဉ်၏ ဒါရိုက်တာနှင့် ဥပဒေပါမောက္ခ
- Tom Gerald Daly - အီဒင်ဘာ့ဂ်ဥပဒေကျောင်းမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အီဒင်ဘာ့ဂ်စင်တာ၏ တွဲဖက်ဒါရိုက်တာ
- Celia Davies – Meydan TV မှ မဟာဗျူဟာနှင့် ဖွံ့ဖြိုးတိုးတက်ရေးမန်နေဂျာ
- Hassen Ebrahim – ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံ့ရေးရာဌာန၏ ဖျန်ဖြေကူညီရေးလုပ်ငန်းအဖွဲ့၏ ဖျန်ဖြေကူညီမှုပေးရေးအဖွဲ့ဝင်
- Mohamed Elghannam – ကမ္ဘာ့ကုလသမဂ္ဂ အီဂျစ်တရားစီရင်ရေးမှ အယူခံတရားသူကြီး၊ လစ်ဗျားမှ ကုလသမဂ္ဂထောက်ပံ့ရေးမစ်ရှင် (UNSMIL)အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြံပေး
- Annette Fath-Lihic – International IDEA မှ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အစီအစဉ်၏ အကြီးတန်းအစီအစဉ်မန်နေဂျာ
- Pieter Feith - နိုင်ငံတကာ အရပ်သားကိုယ်စားလှယ်ဟောင်းနှင့် ကိုဆိုဗိုရှိ EU အထူးကိုယ်စားလှယ်

- David Feldmann – Cambridge တက္ကသိုလ်မှ အင်္ဂလိပ်ဥပဒေဆိုင်ရာ Rouse Ball ပါမောက္ခ
- Lech Garlicki - လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးမှ တရားသူကြီးဟောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နိုင်ငံတကာအသင်းအဖွဲ့၏ ဒုသမ္မတ
- Tom Ginsburg - ချီကာဂိုတက္ကသိုလ်မှ နိုင်ငံတကာဥပဒေ Leo Spitz ပါမောက္ခ
- Jason Gluck – ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံ့ရေးရာဌာန၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အဓိကတာဝန်ယူလုပ်ဆောင်သူ
- Leena Grover – ဆွစ် အမျိုးသား သိပ္ပံဖောင်ဒေရှင်းမှ သုတေသီ
- Nicholas Haysom – ကမ္ဘာ့ကုလသမဂ္ဂ၏ အာဖဂန်နစ္စတန် အထောက်အကူပြုရေးမစ်ရှင် (UNAMA) အကြီးအကဲနှင့် အထွေထွေအတွင်းရေးမှူး အထူးကိုယ်စားလှယ်
- Adam-Shirwa Jama – ဆိုမာလီယာ UNDP မှ ဥပဒေနှင့် အုပ်ချုပ်ရေးဆိုင်ရာ အကြံပေး
- Charmaine Rodrigues - UNDP အကျပ်အတည်း ကာကွယ်ရေးနှင့် ပြန်လည်ကုစားရေး ဌာန၏ ကမ္ဘာ့အကျပ်အတည်းစီမံကွပ်ကဲရေး အထူးပြု
- Barnett Rubin – နယူးယောက်ခ်တက္ကသိုလ်မှ နိုင်ငံတကာ ပူးပေါင်းဆက်ဆံရေးဆိုင်ရာ စင်တာ၏ ဒါရိုက်တာ
- Cheryl Saunders – မဲလ်ဘုန်းတက္ကသိုလ်ပါမောက္ခနှင့် မဲလ်ဘုန်းမဟာဥပဒေတန်း၏ ပြည်သူ့ရေးရာနှင့် နိုင်ငံတကာဥပဒေအထူးပြုလေ့လာရေး ဒါရိုက်တာ
- Purna Man Shakya – နီပေါ Reliance ဥပဒေကုမ္ပဏီမှ အကြီးတန်း တရားရုံးရှေ့နေ
- Adérito J. Soares – တီမောလက်စ်တေ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ကော်မရှင်နာဟောင်းနှင့် ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ ပါရဂူလျှောက်ထားသူ
- Dejan Stjepanovic - Dublin ကောလိပ်တက္ကသိုလ်မှ ပါရဂူ
- Silvia Suteu – အီဒင်ဘာ့ဂ် တက္ကသိုလ်မှ ပါရဂူလျှောက်ထားသူနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အီဒင်ဘာ့ဂ်စင်တာတွင် သုတေသနဆိုင်ရာ တွဲဖက်ဒါရိုက်တာ
- Stephen Tierney – ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အီဒင်ဘာ့ဂ်စင်တာ၏ ဒါရိုက်တာနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသီအိုရီဆိုင်ရာ ပါမောက္ခ
- Christie S. Warren – နိုင်ငံတကာနှင့် နှိုင်းယှဉ်ဥပဒေဆိုင် ကျင့်သုံးမှုဆိုင်ရာ ပါမောက္ခနှင့် ဝီလျံနှင့် မေရီ ဥပဒေကျောင်းနှိုင်းယှဉ်ဥပဒေရေးရာ လေ့လာရေးနှင့် ပဋိပက္ခလွန် ငြိမ်းချမ်းရေးတည်ဆောက်ရေး အစီအစဉ်၏ ဒါရိုက်တာ
- Asanga Welikala - အီဒင်ဘာ့ဂ် တက္ကသိုလ်၊ ဥပဒေကျောင်းမှ ESRC ပြည်သူ့ဥပဒေ သင်ကြားရေးအဖွဲ့ဝင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေဆိုင်ရာ အီဒင်ဘာ့ဂ်စင်တာ၏ တွဲဖက်ဒါရိုက်တာ
- Kimana Zulueta - Fülscher – International IDEA မှ ပဋိပက္ခ၊ လုံခြုံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းအစီအစဉ်၏ အကြီးတန်းအစီအစဉ်အရာရှိ

**International IDEA**
စတွန်းစ်ဘော့ဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်- +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ်   - www.idea.int

ISBN: 978-91-7671-671-7 (PDF)
DOI: <https://doi.org/10.31752/idea.2023.57>